# ဗုဒ္ဓဝင်ဆိုင်ရာ

နှင့်

# ဘုရားဖြစ်ရန်ဗျာဒိတ်ခံယူပုံ

## ၅၄၇–ဘဝဖြစ်စဉ်

# ခါသားကဗျာလင်္ကာဆောင်ပုဒ်

သာသနာရေးဝန်ကြီး ဦးမျိုးညွန့်(အငြိမ်းစား)
ထုတ်နှုတ် စုဆောင်း ပူဇော်ပါသည်။

ပဋ္ဌာန်းကျမ်း အဘိဓမ္မာ

သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ

ရေးသားသော

# ဗုဒ္ဓဝင်ဆိုင်ရာ

နှင့်

# ဘုရားဖြစ်ရန်ဗျာဒိတ်ခံယူပုံ

# ၅၄၇ ဘဝဖြစ်စဉ်

စာသားကဗျာလင်္ကာဆောင်ပုဒ်

သာသနာရေးဝန်ကြီး ဦးမျိုးညွန့် (အငြိမ်းစား)
ထုတ်နှုတ် ရွေးဆောင်း ပူဇော်ပါသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စကားဦးနိဒါန်း | ၁၁ |
| ၂။ | ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဗုဒ္ဓဝင်ခုနစ်နေ့ ဘုရားရှိခိုး (လင်္ကာ) | ၂၂ |
| ၃။ | ဗုဒ္ဓဖြစ်စဉ် ပဏ္ဏာမမှတ်ဖွယ် | ၂၈ |
| ၄။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသော မဟာဗုဒ္ဓဝင်မှ | |
| | (က) ဂေါတမမြတ်စွာဘုရား အလောင်းတော်ဘဝ နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ထံ၌ ဗျာဒိတ်ခံယူခဲ့ပုံအချုပ်လင်္ကာ | ၃၄ |
| | (ခ) ဂေါတမမြတ်စွာဘုရား အလောင်းတော်ကျင့်စဉ် အကျဉ်းချုပ် | ၄၀ |

စဉ် အကြောင်းအရာ စာမျက်နှာ

၅။ သက်န်းကျွန်းမဟာသိပ္ပံပရိယတ္တိ
စာသင်တိုက် ပဓာနနာယက
ဆရာတော် သာသနဓဇ သိရိပဝရ
ဓမ္မစရိယာဆရာတော် ရေးသားသော
ဗုဒ္ဓဉာဏာဒိ ပကာသနီကျမ်းမှ
(က) ပွင့်တော်မူသော (၂၄) ဆူ
သော ဘုရားရှင်တို့ထံ၌
ဗျာဒိတ်ခံယူပုံ ၄၇
(ခ) အင်္ဂါရစ်ဝ မစုံက
နိယတဗျာဒိတ် မခံနိုင် ၅၀
(ဂ) သုမေဓာဘဝ (ဒီပင်္ကရာဘုရား)
မှစ၍ ဓောတိပါလလုလင်ဘဝ
(ကဿပဘုရား) ထံ ဗျာဒိတ်
ခံယူခဲ့ပုံလင်္ကာနှင့် တူရာဘဝ
ခံယူသောဆောင်ပုဒ် ၅၁
(ဃ) ပဏာမ မှာတမ်း ၇၀
(င) ပါရမီခေါ်ပုံ ဆောင်ပုဒ် ၇၁
(စ) ပါရမီ ၁၀ ပါး နှင့်
ဆောင်ပုဒ် ၇၁

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (ဆ) ပါရမီ ၁၀ ပါး အပြား သုံးဆယ်နှင့်ဆောင်ပုဒ် | ရ၁ |
| (ဇ) အပြား ၃၀ ဖြစ်ပုံနှင့် ဆောင်ပုဒ် | ရ၂ |
| (ဈ) စွန့်ခြင်းကြီး ၅ ပါး | ရ၃ |
| (ည) စရိယာ ၃ ပါး | ရ၃ |
| (ဋ) ပါရမီများ ဘဝများစွာ ဖြည့်ကျင့်ရာနှင့် ၅၄၇ ဘဝ ဖြစ်တော်ပေါင်းချုပ်လက်ာ | ရ၄ |
| (ဌ) ၅၄၇ ဘဝ ဖြစ်တော်ဘဝများ | ရရ |
| (ဍ) ဘုရားဖြစ်ရန်ဗျာဒိတ်ပန်း ဆင်မြန်းခြင်းအတွက်ရှိရမည့် အဋ္ဌင်္ဂိကနိယတ အင်္ဂါရှစ်ပါး | ရ၉ |
| (ဎ) တကျော်ရာ စသောဘုရား သုံးဆူထံဗျာဒိတ်မခံယူနိုင်ခြင်း | ၈၀ |
| (ဏ) အသချေ်လေးမျိုးနှင့်ကမ္ဘာ ခြောက်မျိုး ဆောင်ပုဒ် | ၈၁ |
| (တ) အဘဗ္ဗဋ္ဌာန ၁၈ ပါးလင်္ကာ | ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ထ) | တစ်ဆယ့်ရှစ်ပါး မြန်မာပြန် | ၈၃ |
| (ဒ) | ဝေမတ္တတရား ရှစ်ပါးနှင့် ဆောင်ပုဒ် | ၈၄ |
| (ဓ) | ဘဝတူချင်း ဗျာဒိတ်ခံပုံ အကျဉ်းချုပ်လင်္ကာနှင့် ဆောင်ပုဒ် | ၈၅ |
| (န) | ကြည့်ခြင်းငါးပါးနှင့် ဆောင်ပုဒ် | ၈၉ |
| (ပ) | လူသာမန်တို့မသိနိုင်သော အရာသုံးပါးဆောင်ပုဒ် | ၉၀ |
| (ဖ) | ဘုရားလောင်းသန္ဓေယူစဉ် ပုဗ္ဗနိမိတ် ၃၂ ပါး လင်္ကာ | ၉၀ |
| (ဗ) | ဖွားဖက်တော် ခုနစ်ပါး | ၉၃ |
| (ဘ) | ဘုရားအလောင်းတော် စံမြန်းသောနန်းတော် | ၉၄ |
| (မ) | စူဠာမဏိစေတီတော်နှင့်လင်္ကာ | ၉၄ |
| (ယ) | ဒုဿစေတီတော်နှင့်လင်္ကာ | ၉၅ |
| (ရ) | ဘုရားအလောင်း အိပ်မက်ကြီးငါးပါးလင်္ကာ | ၉၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (လ) အိပ်မက်ကြီးငါးပါး အကျိုးတရားလင်္ကာ | ၉၇ |
| | (ဝ) ဘုရားဖြစ်ပြီး သတ္တဋ္ဌာန ခုနစ်ပါးလင်္ကာ | ၉၇ |
| ၆။ | မနောမယိဒ္ဓိဘာဝနာတရားစာအုပ်မှ ဗုဒ္ဓဂုဏ်တော်နှင့်ဗုဒ္ဓဝင်အကျဉ်း လင်္ကာ | ၁၀၁ |
| ၇။ | အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝေဠုရိယရေးသော ဗုဒ္ဓဝင်အကျဉ်းချုပ် ကဗျာများ | ၁၀၆ |
| | (က) သုမေဓာရှင်ရသေ့ဘဝနှင့် စပ်သောကဗျာ | ၁၀၆ |
| | (ခ) ဗျာဒိတ်ခံယူပြီး ကြုံးဝါးချက်၊ ၂၄ ဆူထံ ဗျာဒိတ်ခံကဗျာ | ၁၀၇ |
| | (ဂ) ပါရမီ ၁၀ ပါးပြ ကဗျာ၊ | ၁၀၉ |
| | ပါရမီ ၁၀ ပါး ဆိုသည်မှာ | ၁၀၉ |
| | (ဃ) စရိယ ၃ ပါးကဗျာ၊ | ၁၁၁ |
| | စွန့်ခြင်းကြီး ၅ ပါးကဗျာ | ၁၁၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| | (င) ကြည့်ခြင်း ၅ ပါးကဗျာ၊ နိမိတ်ကြီး ၄ ပါး | ၁၁၂ |
| | (စ) မွေးဖွားပြီး ကြွေးကြော်ချက် ၃ မျိုး | ၁၁၃ |
| ၈။ | ဝါဆိုလပြည့် ဘုရားနေ့ | ၁၁၈ |
| ၉။ | ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ ဗုဒ္ဓကိုလည်းကြည်ညိုမည် | ၁၂၀ |
| ၁၀။ | ဖြည့်စွက်ချက် အကျိုးပြုလက်ာ | ၁၂၈ |
| | (က) ဖြစ်တော်မူ ပေါင်းချုပ် | ၁၂၉ |
| | (ခ) ဝိပါက်တော်၊ ဝဋ်တော် ၁၂ ပါး လင်္ကာ | ၁၃၀ |
| | (ဂ) နိဂုံးနှင့်တိုက်တွန်းချက် | ၁၃၅ |

# စကားဦးနိဒါန်း

ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုတိုဘဝ၊ သိကြရ၊ များလှကျေးဇူးတွေ။

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြတ်ရတနာ၊ သာသနာ၏၊ နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ – ဟူသော သွန်သင်ချက်နှင့်အညီ မြတ်ဗုဒ္ဓအား ကျေးဇူးဆပ်သောအားဖြင့်လည်းကောင်း၊ ရဟန်း ရှင် လူတို့၏ တာဝန်သုံးပါးဖြစ်သော–

(က) ဗုဒ္ဓဘာသာဝင် ဦးရေ နည်းမသွားအောင်၊ ဘာသာအယူဝါဒပြယ် မသွားအောင် ထိန်းသိမ်းရမည့်တာဝန်။

(ခ) ဗုဒ္ဓမြတ်စွာ တရားတော်များ ပျောက်ကွယ်၍ မသွားအောင်၊ ပျက်ပြယ်၍ မသွားအောင် ထိန်းသိမ်းရမည့်တာဝန်။

(ဂ) ဘုရားရှင် အဆုံးအမတော် အတိုင်း ကျင့်သုံးရမည့်တာဝန်များအရ လည်းကောင်း၊

ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ ဗုဒ္ဓကိုလည်း ကြည်ညိုမည်ဟူသော စကားအလင်္ကာအရ ဗုဒ္ဓအကြောင်း လိုရင်းအကျဉ်းချုပ် သိစေရန်လည်းကောင်း၊

ရာဇဂြိုဟ်ပြည့် ဂိဇ္ဈကုဋ်တောင် ကျောင်း၌ သီတင်းသုံးတော်မူသည့် လက်ျာတော်ရံ အရှင် သာရိပုတ္တရာမထေရ်မြတ်ကြီးက "အတုလထွတ်တင်ဘုရားရှင်၏ ဖြစ်စဉ်ကျင့်ထုံး အားလုံးမကျန် ဟောကြားပေးပါရန် လျှောက်ထားရပါမှု ကောင်းပေမည်တကား" ဟု အကြံရတော်မူကာ နောက်ပါရဟန်းတော်ငါးရာနှင့်အတူ ဘုရားရှင်ရှိရာသို့ကြွတော်မူပြီးလျှင် တည်ခြင်းငါးမျိုးဖြင့် ရှိခိုးတော်မူလျက် ဗုဒ္ဓရှင်တော်ဘုရား၏ ဆုပန်တော်မူခဲ့ပုံ၊ ပါရမီ ဖြည့်တော်မူခဲ့ပုံ စသည်တို့ကို ဟောကြားတော်မူပါမည့်အကြောင်းတောင်းပန်တော်မူသဖြင့်

မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကို မျက်မှောက်သက်သေပြု၍ လူပရိသတ်အပေါင်းနှင့်စကြာဝဠာ တိုက်တမသောင်းရှိ နတ် လူ ဗြဟ္မာ တို့အား ဘုရားရှင်၏ ဘုရား အာနုဘော်ကိုပြကာ " ဗုဒ္ဓဝံသ " ဘုရားနွယ်လာ မဟာသမိုင်းတော်ကြီးကို ဟောကြားတော်မူခဲ့ပါသည်။

**မှတ်ချက်။** အကျယ်တဝင့်ဖွင့်ဆိုချက်ကို တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသည့်နိုင်ငံတော် ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင် (၆) တွဲ၊ (၈) အုပ်တွင် အပြည့်အစုံ ကြည့်ရှုနိုင်ပါသည်။

ဗုဒ္ဓဝင်ဆိုင်ရာ ဘုရားဟောကြားသော ငါးရာငါးဆယ် (သို့မဟုတ်) ငါးရာလေးဆယ်ခုနစ် ဘဝ ဖြစ်စဉ်အကျဉ်းချုပ်တို့ကို မဟာထေရ်အရှင်မြတ်များ ရေးသားသောကျမ်းများတွင် ပါရှိသည့် စာသား၊ ကဗျာ၊ လင်္ကာ၊ ဆောင်ပုဒ်တို့ကို စုဆောင်းထုတ်နှုတ်ပြုစု၍ ကျေးဇူးဆပ်သောအားဖြင့်လည်းကောင်း၊ ဗုဒ္ဓကြောင်းရာ အကျဉ်းချုပ်သိရှိနိုင်ရန် ပူဇော်မှုပြုခြင်းသာ ဖြစ်ပါကြောင်း မှန်သောသစ္စာစကား ပြုအပ်ပါသည်။

ဗုဒ္ဓဝင်ဆိုင်ရာ ဖြစ်စဉ်အကျဉ်းချုပ်ကို ထုတ်နုတ် ပြုစုထုတ်ဝေခြင်းမှာ ယနေ့မြန်မာလူရွယ်၊ လူလတ်၊ လူငယ် (ကျား/မ) အများစုသည် သိပ္ပံထွန်းကားလာသည့် အပေါ် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုနောက်သို့ လိုက်ပါနေကြသည်ကို တွေ့နေရပါသည်။ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာကိုးကွယ်သူဟုဆိုသော်လည်း ဗုဒ္ဓအကြောင်းကိုမသိသလို ဗုဒ္ဓဟောကြားတော်မူသော တရားတော်များသည် လောကီ လောကုတ္တရာ နှစ်ဖြာလုံးအတွက် သိဖွယ်မကျန်ရအောင် အဆုံးအမဩဝါဒများ၊ ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားများကိုပင် မသိကြသည့်အတွက် ဗုဒ္ဓအကြောင်းကို လေ့လာနေကြသော နိုင်ငံခြားသားနှင့်အခြားဘာသာဝင်အချို့က ဗုဒ္ဓသည်ဘယ်လိုဖြစ်လာတာလဲ၊ ဖန်ဆင်းသူလား၊ အာရုံကထင်မြင်ယူဆသူလား ဟု မေးမြန်းကြသည့်အခါ သူတို့ထင်သလို ဖန်ဆင်းရှင် မဟုတ်ကြောင်း၊ လူသားစင်စစ်ဖြစ်ပြီး လူနတ် ဗြဟ္မာ စသည့် သတ္တဝါများ၏ အကျိုးအတွက် ထီးနန်းစည်းစိမ်ကိုစွန့်လွှတ်ပြီး တောထွက်၍ ဒုက္ကရစရိယ (၆) နှစ်လုံးကျင့်ကြံပြီးမှသာ ဘုရားပွင့်တော်မူပုံကို ပြောကြားနိုင်ခြင်း မရှိကြပါ။ အချို့ကပြောကြားရာမှာ (၆) နှစ်လုံးလုံး ဒုက္ကစရိယ ကျင့်ရကြောင်း၊

(ဒုက္ခရစရိယ) ကိုပင် မှန်အောင်မသိဘဲ ဖြေဆိုကြ
သလို ဘဝပေါင်း (၅၅၀) ဆိုတာဘယ်ဘဝတွေလဲလို့
မေးပါကလည်းမဖြေနိုင်၊ ဂေါတမဘုရားအရင်က ဘုရား
(၂၈) ဆူ ပွင့်ပါလျက် ဂေါတမဘုရားအလောင်းဟာ
ဘုရား (၂၄) ဆူထံမှာသာ ဗျာဒိတ်ခံယူတယ်လို့ သိရ
တယ်။ ဗျာဒိတ်မခံယူတဲ့ဘုရား (၃) ဆူဟာ ဘယ်
ဘုရားတွေလဲ၊ ဘာကြောင့် ဗျာဒိတ်မခံတာလဲ၊ ပါရမီ
ဆယ်ပါး အပြားသုံးဆယ် ဆိုတာ ဘယ်လိုဖြစ်တာလဲ၊
ကြည့်ခြင်းငါးပါး၊ စွန့်ခြင်းကြီးငါးပါး၊ ထေရဝါဒ ဆိုတာ
ဘာလဲလို့ မေးလာတာကို မဖြေနိုင်ကြောင်း ကြားသိရ
ပါတယ်။ အချို့သော နိုင်ငံခြားသားပုဂ္ဂိုလ်တချို့ဟာ
ငါးပါးသီလမှာ ကာမေသုမိစ္ဆာစာရာ လို့ပါပြီး ရှစ်ပါး
သီလ ကျတော့ အခြားလေးပါး ပါပြီး အဗြဟ္မစရိယ
လို့ပါတယ်။ အဓိပ္ပါယ် အတူတူဘဲမဟုတ်လား ဟု
လည်းကောင်း၊ ငါးပါးသီလမှာ သေရည်သေရက်ကို
သုရာမေရယ လို့ခေါ်ပြီး (၃၈) ဖြာ မင်္ဂလာတရားမှာ
တော့ သေရည်သေရက်ကိုဘဲ မဇ္ဇပါနာစသံယမော လို့
ဆိုတာ တွေ့ရတယ်။ ဘယ်အဆိုက မှန်သလဲလို့ပင်
မေးလာတတ်ကြပါသည်။ (ဤစာပုဒ်တွင် တရားတော်
အကြောင်းမပါသေး၍ အကျယ်မရှင်းတော့ပါ) ဗုဒ္ဓဝင်

အကြောင်းမေးလာသည့်အခါ ကိုယ်တိုင်က သိရှိထားပြီး စံနမူနာယူနိုင်ရန်နှင့် ဘာသာနှင့်အလှမ်းဝေးနေသောသူများ အလွယ်တကူသိရှိထားပြီး ဖြေကြားရေး၊ ရှင်းလင်းပြသနိုင်ရေးအတွက် ဗုဒ္ဓကြောင်းရာ အကျဉ်း သိနိုင်ရန် ရည်ရွယ်ထားရှိ၍ ထုတ်နုတ်ပြုစုခြင်းသာ ဖြစ်ပါသည်။

တနည်းအားဖြင့်ဆိုရပါမူသမုဒ္ဒရာရေတစက်လျှာပေါ်တင်ရုံဖြင့် သမုဒ္ဒရာရေပြင်ကြီးတခုလုံး၏ ငန်သော အရသာကိုလည်းကောင်း၊ သကြား တမှုန်တပွင့်မျှကိုလျှာပေါ်တင်ရုံဖြင့် သကြား၏ ချိုမြသောအရသာကိုလည်းကောင်း သိရှိရဘိသကဲ့သို့ ဗုဒ္ဓဖြစ်စဉ် နှင့် ဘဝပေါင်းများ ကျင့်စဉ်အကျဉ်းချုပ်ကို ဖတ်ရပြီးသည့်နောက် ဘုရားရှင်အပေါ် ယုံကြည်မှုရှိလာစေပြီး စာဖတ်သူတို့ကို ဘုရားရှင်၏သာသနာသည်သာလျှင် လူသားတို့၏ အကျိုးစီးပွားနှင့် ကိုယ်ကျင့်တရားပြည့်စုံစေမှုကို ပေးအပ်နိုင်သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့၏ ဓမ္မရသ ရှိရာသို့ ခေါ်ဆောင်သွားရာတွင် အလွယ်တကူ သိရှိ နှလုံးသွင်းနိုင်ရန် နည်းအမျိုးမျိုးနှင့် သိရလေအောင် ကျက်မှတ်ရလွယ် ရွတ်ဆိုရ လွယ်လွယ်ဖြင့် နှုတ်ငုံဆောင်ထားနိုင်သော ဗုဒ္ဓဝင်ဆိုင်ရာ စာသား၊

ကဗျာ၊ လင်္ကာ၊ ဆောင်ပုဒ်အကျဉ်းချုပ်ကို မဟာဗုဒ္ဓဝင်နှင့် ဗုဒ္ဓဉာဏဒီပကာသနီကျမ်း၊ ကဗျာကြေးမုံ စာအုပ်တို့မှ ထုတ်နှုတ်ပြုစု ပူဇော်သောအားဖြင့် ထုတ်ဝေရခြင်း ဖြစ်ပါသည်။

နယ်ချဲ့ အင်္ဂလိပ် လက်အောက် ကျွန်ဘဝရောက်ခဲ့စဉ်က "မြန်မာ့လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေက" ( ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး ) ကြွေးကြော်သံဖြစ်သော "လူမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ" ဆိုတဲ့အသံကို ယနေ့လွတ်လပ်သော မြန်မာနိုင်ငံတော်အဖြစ် ရောက်ရှိနေချိန်တွင်လည်း ( လူမျိုးအသက်၊ ဘာသာအသက် ) မထွက်အောင် ပြောဆိုရေးသားနေရသည်မှာ သာသနာအဆုံးအမနှင့်ကင်းဝေးနေမှုကြောင့်ဖြစ်ပါသည်။ လက်ဦးဆရာဖြစ်သော မိဘများနှင့်ဆရာများသည် အဓိကနေရာတွင်ရှိနေပါသည်။ " သားသမီးမကောင်း၊ မိဘခေါင်း " ဟူသော ဆိုရိုးစကားသည် မြန်မာလူမျိုးတို့နယ်ပယ်တွင် မှန်ကန်စွာတည်ရှိနေသေးသည်ကို သတိရစေလိုပါသည်။ ပုဂံခေတ် ရှင်အရဟံ က အနော်ရထာမင်းကို ဟောသောတရားသည် "အပ္ပမာဒ" တရားဖြင့် မမ္မဝိနယမီးတိုင်

ကို ထွန်းညှိပေးခဲ့ပြီး မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်ခါနီးဆဲဆဲ နောက်ဆုံးပေးခဲ့သော ဩဝါဒမှာလည်း "အပ္ပမာဒေန သမ္ပာဒေထ"၊ "မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ပြည့်စုံနေရန်" ဟောကြားထားခဲ့သလို ဆရာတော်သံဃာတော်အရှင်မြတ်များထံမှလည်း တရားနာယူတိုင်း "ဘုရား စကား လိုက်နာပွား တရားလက်မလွှတ်စေရန်"၊ "အပ္ပမာဒေန သမ္ပာဒေထ" ကိုပင် နာယူလျက် "အာမဘန္တေ" ခံယူထားပြီး မေ့လျော့နေမှုကြောင့် ဗုဒ္ဓ အကြောင်းကိုပင် မသိ ဖြစ်ရသည်မှာ မကောင်းလှပါ။

စကားဦးနိဒါန်းကို နိဂုံးချုပ်ရပါမူ သာသနာပြု ပုဂ္ဂိုလ်တစ်ဦးက ကြွေးကြော်သည်မှာ " ကလေးတစ်ယောက်ရဲ့ ပထမ (၇) နှစ်ကို ငါတို့အားပေးပါ။ (၇) နှစ်အရွယ်အထိ ဘာသာရေးအသိတရားတွေ သင်ကြား ဆုံးမပြီးရင် သူ့ရဲ့အနာဂတ်အတွက် ငါတို့ဘာမှ မစိုးရိမ်တော့ဘူး" (လိမ္မာယဉ်ကျေးတို့ရင်သွေး စာအုပ်မှ) ဟုကြွေးကြော်သကဲ့သို့ " သားသမီးကို ငယ်က မဆုံးမသော် မိဘတလည်း ရန်သူမည်၏" ဆုံးမစကားကို မလိုက်နာဘဲ မိခင်ကို အသတ်ခံရဆဲဆဲ သားက

နားရွက်ကို ကိုက်ဖြတ်ခံရသည့် ပုံဝတ္ထုကို သတိမူပြီး လျှင် " ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ ဗုဒ္ဓကိုလည်း ကြည်ညိုမည်"ဟုဆိုပြီး ရပ်မထားဘဲ " ကြည်ညိုသူက ဟောညွှန်ပြမှ စိတ်ကနှစ်ခြိုက် လိုက်နာကြသည်"ဆို သည့်လင်္ကာနှင့်အညီ မိဘဆရာတွေက ဗုဒ္ဓကို ကြည်ညို ကိုးကွယ်သူများ ဖြစ်ကြ၍ ညွှန်ပြနိုင်သူများ ဖြစ်ကြ စေလိုပါသည်။

အန္တိုင်းမဲ့ ကျေးဇူးရှင် ဗုဒ္ဓမြတ်စွာသည် လူသားစင်စစ်မှ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်လျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလတိုင် ဖြည့်ကျင့် ခဲ့ရတဲ့ ပါရမီ အရှိန်အဟုန်ကြောင့် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ နှင့် ပြည့်စုံတော်မူ သော လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ယုံ ကြည် အားထား ကိုးကွယ်ရာ "ဘုရားရတနာ" ပွင့် ထွန်းပေါ်လာသလို သတ္တဝါအပေါင်းတို့ရဲ့ အကျိုးငှာ "တရားရတနာ"နှင့် သတ္တဝါတို့ရဲ့ကုသိုလ်ကောင်းမှု အလို့ငှာ မျိုးစေ့ကြဲချရာ " သံဃာရတနာ "ဖြစ်သော ရတနာသုံးပါးဖြစ်ပေါ်လာသည့် ဗုဒ္ဓအကြောင်းကို လူ သားတိုင်း၏နှလုံးသားဝယ် ဘာသာတံဆိပ် ခတ်နှိပ်ပေး

ခြင်းဖြင့် ဗုဒ္ဓဘာသာဝင်ဦးရေနည်းမသွားအောင် ဘာသာဝါဒ ပြယ်မသွားရေး၊ ဗုဒ္ဓတရား ပျောက်ကွယ် မသွားရေး၊ ဘုရားရှင်၏ အဆုံးအမတော် အတိုင်း လိုက်နာကျင့်သုံးရေး ဟူသည့် ရဟန်း ရှင် လူတို့၏ တာဝန်အရေး သုံးပါးကို အလေးထား အကောင်အထည်ဖော်ရန်မှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ တာဝန်ဖြစ်ပါကြောင်း နှိုးဆော် တိုက်တွန်းလိုက်ရပါတော့သည်။

# တောင်းပန်ခြင်း

ဤစာအုပ်အတွက် ဆရာတော်ကြီးများ ရေးသားသော ကျမ်းမှ ထုတ်နှုတ် ပြုစု ပူဇော်သူသည် (၃၈) ဖြာ မင်္ဂလာတရားတော်မှ တစ်ပါးဖြစ်သော "ကာလေန ဓမ္မဿဝနံ - သင့်လျော်သောအခါ တရားနာခြင်းဖြင့်လည်းကောင်း"၊ စာဖတ်၍ စာကိုမှတ်သားသောအဆင့်ရှိသူဖြစ်ခြင်းကြောင့် ဖြစ်စဉ် ကျင့်စဉ်များ အစီအစဉ် မကျမှုများတွေ့ရှိပါက ပြုစုသူ၏အပြစ်သာ ဖြစ်ပါ၍ မှားယွင်းမှုများကို ဖြည့်စွက်ထောက်ပြပေးကြပါရန်နှင့် ဗုဒ္ဓဝင်ကြောင်းရာများကို မူရင်းရေးသားသူ ဆရာတော် အရှင်မြတ်များအပေါ် ကျေးဇူးဆပ်သောအားဖြင့် ထပ်ဆင့် ရှင်းလင်း သင်ကြားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရဲဘော်မျိုးညွန့်
သာသနာရေးဝန်ကြီး (အငြိမ်းစား)

၂၆၈၄၄

ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး၏
ဗုဒ္ဓဝင် ခုနစ်နေ့
ဘုရားရှိခိုး

သန္ဓေတော်ယူသောနေ့

(မ) ၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊
သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊
ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊
ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊
ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊
ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊
နတ်လူငြိမ်းဖို့ ကိန်းပါကို။
(သက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့)

## ဖွားမြင်တော်မူသောနေ့

သိ) ၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊ ခြောက်ဆယ်ရှစ်ကြံု၊
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ္၊
မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊
နတ်လူအောင်မြို့ လမ်းပါကို။
(သက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့)

## တောထွက်တော်မူသောနေ့

(ကြ) ၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊
ပျိုနုနယ်ဥ္၊ သုံးသွယ်ရွှေနန်း၊
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊
ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊
ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊
လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊
ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊
ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊

စုံမြိုင်ပင်ရိပ် ခန်းမှာကို။
(သက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့)

**ဘုရားဖြစ်တော်မူသောနေ့**

(လျှင်) ၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊
ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊
မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊
မငြီးကြည်ဖြူ၊ နေတော်မူလျက်၊
ရန်မြူခပင်း၊ အမိုက်သင်းကို၊
အလျှင်းပယ်ဖျောက်၊ အလင်းပေါက်က၊
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံး
ကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို။
(သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့)

**ဓမ္မစကြာ ဟောတော်မူသောနေ့**

(တွေး) ၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊
စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊

ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊
မဟီတာသောင်း၊ တိုက်အပေါင်းမှ၊
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊
ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊
တရားနတ်စည် ရွမ်းတယ်ကို။
(သက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့်၊ စနေနေ့)

**ပရိနိဗ္ဗာန်စံတော်မူသောနေ့**

ဆ) ၆။ တရားနဟ်စည်၊ ဆော်ရွမ်းလည်က၊
သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊
ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊
သတ္တဝါကို၊ ခေမာသောင်သို့၊
ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊
သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊
ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊
နယ်မလ္လာတိုင်း၊ စံနိုင်းမယှတ်၊
ကုသိနာရုံ၊ အင်ကြင်းစုံ၌၊
ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊

ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊
ဝှန်ဆူသောင်းလုံး ကျော်တယ်ကို။
(သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့)

**တေဇောဓာတ် လောင်တော်မူသောနေ့**

(ဦး) ရှု။ နိဗ္ဗူစံပြီ၊ ရှုမအီသား၊ သင်္ဂီရွှေလျှော်၊
အလောင်းတော်ကို၊ ထိုရော်ကဆုန်၊
လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊
ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊
ရှင်စောညာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊
လျှံတက်ကော်ရော်၊ မီးပူဖော်သည်၊
မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။
(သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လဆုတ် ၁၂ ရက်၊
တနင်္ဂနွေနေ့)

(ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဘုရားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဒါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။)

## ဗုဒ္ဓဝင် ဖြစ်စဉ်
## ပထမ မှတ်ဖွယ်

| | | |
|---|---|---|
| ၁။ | ဗျာဒိတ်ခံယူသော ဘဝ | – သုမေဓာ ရသေ့ဘဝ |
| ၂။ | ဗျာဒိတ်ပေးသော ဘုရား | – ဒီပင်္ကရာဘုရား အစပြု၍ ကဿပဘုရားရှင်အထိ ၂၄ ဆူ |
| ၃။ | ပါရမီဖြည့်ဖက် (ဗျာဒိတ်ခံစဉ်) | – သုမိတ္တာ အမျိုးသမီး (ယသော်ဓရာအလောင်း) |
| ၄။ | ပါရမီဖြည့်ရာ ကာလ | – လေးသင်္ချေ နှင့် ကမ္ဘာ တသိန်း၊ (သုမေဓာဘဝ မှ ဝေဿန္တရာမင်း အထိ) |
| ၅။ | ပါရမီဖြည့်ရခြင်း ရည်ရွယ်ချက် | – သတ္တဝါများအကျိုး ဆောင်ရွက်ရန် |
| ၆။ | ပဋိသန္ဓေမယူမီ ဘဝ | – သေတကေတု အမည်ရှိ နတ်သားဘဝ |
| ၇။ | ဘုရားဖြစ်ရေး ပဋိသန္ဓေယူရန် တောင်းပန် လျှောက်ထားသူ | – စကြာဝဠာ တိုက်တသောင်းမှ နတ်ဗြဟ္မာများ |

၈။ ကြည့်ခြင်းကြီး ငါးပါး – (၁) အခါကာလ။
(၂) ကျွန်း။
(၃) အရပ်။
(၄) အမျိုး။
(၅) မယ်တော်အသက် (ဖွားမြင်ပြီး ၇ ရက်သာနေသူ)

၉။ နေပြည်တော် – ကပိလဝတ် (သက္ကလတိုင်း၊ မဇ္ဈိမဒေသ)

၁၀။ မိဘအမည် – သုဒ္ဓေါဒနမင်း၊ မာယာဒေဝီမိဖုရား

၁၁။ မိထွေးတော် – ပဇာပတိဂေါတမီ

၁၂။ သန္ဓေယူသောနေ့ – မဟာသက္ကရာဇ် ၆၇ ခု၊ ကဆုန်လပြည့်၊ ကြာသပတေးနေ့

၁၃။ ဖွားမြင်သောနေ့ – မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့

၁၄။ ဖွားမြင်ရာဌာန – လုမ္ဗိနီဥယျာဉ် (ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား)

| | | |
|---|---|---|
| ၁၅။ | ဖွားဖက်တော်ရ ပါး | – (၁) ညီတော်အာနန္ဒာ<br>(၂) ဇောဓိပင်<br>(၃) ကာဠုဒါယီအမတ်<br>(၄) ယသော်ဓရာမိဖုရား<br>(၅) ဆန္နအမတ်<br>(၆) ရွှေအိုးကြီး ၄ လုံး<br>(၇) ကဏ္ဍကမြင်း |
| ၁၆။ | လူအမည် | – သိဒ္ဓတ္ထ |
| ၁၇။ | ကြင်ယာတော် | – ဘဒ္ဒကစ္စာနာ ယသော်ဓရာ |
| ၁၈။ | သားတော် | – ရာဟုလာ |
| ၁၉။ | ယောက်ဖတော် | – ဒေဝဒတ် |
| ၂၀။ | နန်းစံနှစ် | – ၁၃ နှစ် စိုးစံသည်။<br>အသက် ၁၆ နှစ်မှ ၂၉ နှစ်<br>အထိ |
| ၂၁။ | နိမိတ်ကြီးလေးပါး | – သူအို၊ သူနာ၊ သူသေ၊<br>ရဟန်း |
| ၂၂။ | တောထွက်သောနေ့ | – မဟာသက္ကရာဇ် ၉၇ ခု၊<br>ဝါဆိုလပြည့်၊ ဘနလာနေ့ |
| ၂၃။ | ဒုက္ကရစရိယာကျင့်သောနေရာ | – ဥရုဝေလတော |

၂၄။ ဒုက္ကရစရိယာ ကျင့်သောကာလ – ၆ နှစ်၊ သက္ကရာဇ် ၉၇ မှ ၁၀၃ ခုနှစ်အထိ

၂၅။ ဘုရားဖြစ်သော နေ့ – မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့

၂၆။ ဘုရားဖြစ်ချိန် သက်တော် – ၃၅ နှစ်

၂၇။ ဘုရားဖြစ်ရာ အသက်တမ်း – ၁၀၀ တမ်း

၂၈။ အလုပ်အကျွေး – ပဉ္စဝဂ္ဂီငါးဦး၊ ကျင့်စဉ်ကာလ

၂၉။ တရားဦးဟောရာ ဒေသ – ဗာရာဏသီ၊ မိဂဒါဝုန်တော

၃၀။ တရားဦးဓမ္မစကြာ ဟောသောနေ့ – မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့

၃၁။ ပထမဆုံးသာဝက – ပဉ္စဝဂ္ဂီ ငါးဦး

၃၂။ လက်ျာရံသာဝက – အရှင်သာရိပုတ္တရာ

၃၃။ လက်ဝဲရံသာဝက – အရှင်မဟာမောဂ္ဂလန်

၃၄။ နောက်ဆုံးကျွတ် သောသာဝက – သုဘဒ္ဒ ပရိဗိုဇ် (ပရိနိဗ္ဗာန် စံဝင်ခါနီးဆဲဆဲ)

၃၅။ အဆုံးအမ သာသနာသုံးရပ် – ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ

၃၆။ ကျင့်စဉ်သိက္ခာ သုံးရပ် – သီလ၊ သမာဓိ၊ ပညာ

၃၇။ ချမှတ်သော လမ်းစဉ် – မဇ္ဈိမပဋိပဒာ၊ မဂ္ဂင်လမ်းစဉ်

၃၈။ ပရိနိဗ္ဗာန်စံဝင်သောနေ့ – မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့

၃၉။ ဟောဓောတ် လောင်သောနေ့ – မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့

## သဗ္ဗညုတဉာဏ်တော် အစွမ်းသုံးပါး လင်္ကာ

– သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်
အကုန်မြင်၊ သဗ္ဗဉ် ဉာဏ်တော် အစွမ်းတည်း။
– သိသည့်တရား၊ များအပြားဋ္ဌ၊ ဟောထားစဖွယ်၊
နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်
အကုန်မြင်၊ သဗ္ဗဉ် ဉာဏ်တော် အစွမ်းတည်း။
– ကျွတ်ထိုက်ကြပေ၊ များဝေနေ၊ ဣန္ဒြေစရိုက်၊
သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင် အကုန်မြင်၊
သဗ္ဗဉ် ဉာဏ်တော် အစွမ်းတည်း။

– သဗ္ဗဉ္ဉာဏ်အား၊ စွမ်းသုံးပါးကြောင့်၊
အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊
သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊
ရှစ်ဆယ်ရှိ၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်
သယ်ယူဆောင်၊ ဘုန်းခေါင် ငါတို့ဘုရားတည်း။

(အရှင်ဇနကာဘိဝံသ၊ အမရပူရ)

## သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်သုံးမျိုး

ဘုရားရှင်သည် ပါရမီ ၁၀ ပါး၊ စရိယ ၃ ပါး၊ စွန့်ခြင်းကြီး ၅ ပါးကိုဖြည့်ကျင့်သဖြင့် နောက်ဆုံးဘဝဝယ် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်။

(၁) ဟောကြားရမည့်အကြောင်းအရာနှင့် စပ်လျဉ်း၍ အကြွင်းမရှိအားလုံး သိမြင် တော်မူသည်။

(၂) တရားနာယူမည့် ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်၏ သဘာဝ အခြေအနေမှန် ကိုလည်း အကြွင်းမရှိ အားလုံး သိမြင်တော်မူသည်။

(၃) ဟောပုံ ဟောနည်းနှင့် စပ်၍လည်း အကြွင်းမရှိ အားလုံး သိမြင်တော်မူသည်။

(သုတရတနာအလိမ္မာစာဉယျာဉ်၊
ရန်ကုန်တိုင်းစစ်ဌာနချုပ်)

# ဂေါတမမြတ်စွာဘုရားအလောင်းတော်ဘဝ နှစ်ကျိပ်လေးဆူသောဘုရားရှင်တို့ထံ၌ ဗျာဒိတ်ခံယူခဲ့ပုံ အချုပ်လင်္ကာ

(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ရေးသားတော်မူသော ဗုဒ္ဓဝင်မှ)

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရားအစ ကဿပ မြတ်စွာဘုရား အဆုံး နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏အထံ၌ နိယတဗျာဒိတ် ခံယူတော်မူခဲ့ပုံအကျဉ်းချုပ်ကို ဓမ္မရာသီ ပျို့၊ ပိုဒ်ရေ (၅၊ ၈၊ ၉) တို့၌ ဤကဲ့သို့ ရေးသား စပ်ဆိုထားလေသည်-

လေးသင်္ချေနှင့်၊ သိန်းနေစွန်းမြတ်၊ ရေတွက် လတ်မူ၊ မည်မှတ်နာမ၊ သင်္ချေ'သကား၊ သေလ ဘာသ၊ ဓေယျ ရုစိ၊ လေးပါးရှိ၏။

အာဒိသေလ၊ သင်္ချေယတွင်၊ သာရ မဏ္ဍ၊ ကမ္ဘာမထက်၊ ဓိနဘုန်းထင်၊ တဏှင်္ကရာ၊ မဟာ မေဓင်၊ သရဏင်နှင့်၊ ဒီပင်္ကရာ၊ မြတ်စွာလေးဆူ၊ ပွင့်တော်မူ၏၊

နတ်လူတို့မျိုး၊ သုံးဦးဘုရား၊ ဖူးပါပြားလည်း၊ ညွှတ်တွားကော်ရော်၊ ဗျာဒိတ်တော်ကို၊ ရစ်ဖော်အင်္ဂါ၊ မစုံပါ၍၊ မနာလိုက်ရ–

(၁) နောက်စွန်းမှလျှင်၊ ဖြူဆွဉာဏ်ဝါ၊ သုမေဓာဟု၊ ကျေညာကျော်လှစ်၊ ရသေ့ဖြစ်၍၊ ရှင်ချစ်ဘုရား၊ ဆွမ်းခံသွားက၊ ဘဝါးတော်ဦး၊ ထိမှူးမှူးဝယ်၊ သံကျူးမိန့်ရွတ်၊ ဗျာဒိတ်လွှတ်၏၊

(၂) မည်မှတ်သေလ၊ သုဉ်းလေမှလျှင်၊ သာရကမ္ဘာ၊ ပေါ်သောခါဝယ်၊ မည်သာ ကောဏ္ဍည၊ သုံးလူ့ဘဒ္ဒ၊ ဘုရားအလောင်း၊ မင်းကောင်းစကြာဝတေး၊ နီးဝေးခေါ်ညီ၊ ဝိဇိတာဝီဖြစ်ကြိုက်၊ ဖူးလိုက်ကြည်ဧး၊ လှူကြီးပေးက၊ ရေးနှင့်တမျှ၊ ဗျာဒိတ်ရ၏။

(၃) ဘာသသချိ၊ သုဉ်းပြန်လေမှ၊ တည်ထွေကပ်မွန်၊ သာရမဏ္ဍ၊ ဘုန်းသန်မင်္ဂလာ၊ ပွင့်သောခါဝယ်၊ မည်သာသုရုစိ၊ ကိတ္တိထင်ရှား၊ ပုဏ္ဏားဖြစ်တုံ၊ စေ့စုံလှူကမ်း၊ ဗျာဒိတ်မွမ်း၏။

(၄) ငြိမ်းချမ်းသုခ၊ ပေးဝေငှသား၊ သုမနဘုရား၊ တခြားဆက်ကာ၊ ဖြစ်သောခါလည်း၊ မဟာနာဂ၊ အတုလဟု၊ ဒေဝရေနတ်၊ ဘုရားမြတ်၌၊ လှူဝတ် သန့်

ရှင်း၊ ဗျာဒိတ်နှင်း၏။

(၅) မည်ရှင်းရေဝတ၊ မြတ်ဖိနဒ္ဒ၊ တွင်ထ မည်ရှိ၊ အတိဒေဝ၊ ဗြာဟ္မဏလျှင်၊ များလှကံကျွေး၊ အလှူပေး၍၊ သံလေးဗျာဒိတ်၊ ကျွန်းလုံးထိတ်၏။

(၆) အမြိတ်ဆက်ထ၊ သောဘိတဟု၊ မည် ရာဘုန်းထင်၊ ပွင့်ခါတွင်လည်း၊ လုလင်အဇိတ၊ ဗြာဟ္မဏ ဟု၊ ကြီးလှလှူဆက်၊ ဗျာဒိတ်မြွက်၏။

(၇) ထို့ထက်သုဉ်းထ၊ ဇေယျသချေ၊ လွန် လေပညတ်၊ ဝရကပ်ထက်၊ သုံးရပ်ဦးစွန်း၊ မည်မှန်း ပေါက်ပြ၊ အနောမဒဿီ၊ သိညီသစ္စာ၊ ပွင့်သောခါဝယ်၊ သေနာဒိဗ္ဗ၊ ယက္ခအမျူး၊ ဘီလူးဖြစ်ကြိုက်၊ ဖူးရလိုက် ၍၊ ကောင်းမြိုက်လှူကြီး၊ ဗျာဒိတ်ချီး၏။

(၈) တသီးစပ်ထ၊ ပဒုမဟု၊ လောကတန် ဆောင်၊ ငါးမာရ်အောင်၍၊ တောတောင်ရန်လှစ်၊ ခြင်္သေ့ ဖြစ်၍၊ ကြည်ချစ်ရှိခ၊ ဗျာဒိတ်ရ၏။

(၉) နာရဒဘုန်းထင်၊ ဆက်ကာပင်တည့်၊ ပွင့်စင်တုံ၍၊ ရသေ့ဖြစ်ခါ၊ ဖူးရပါက၊ များစွာလုပ်ကျွေး၊ ဗျာဒိတ်ပေးသည်၊ ကြော့သွေးပွဲနှံ့ မိန့်သံတည်း။

(၁၀) ထို့နောက် ရစိ၊ မည်ရှိသချေ၊ သုဉ်း

ပြန်လေမှ၊ ခေါ်ထွေ သားရ၊ ကမ္ဘာမထက်၊ ပဒုမုတ္တရ၊ ကြီးတေဇနှင့်၊ ပွင့်ထသာစွာ၊ ထိုရောခါဝယ်၊ မဟာသေဋ္ဌ၊ ဇဋိလဟု၊ မည်ရသေဌေး၊ အလှူပေး၍၊ စည်းဝေးပွဲပြင်၊ ဗျာဒိတ်တင်၏။

(၁၁) ထိုတွင်ဆင့်လောင်း၊ သုံးသောင်းကပ္ပ၊ သုဦးလေမှလျှင်၊ မဏ္ဍကမ္ဘာ၊ ပေါ်သောခါဝယ်၊ သုမေဓာဘုရား၊ ထင်ရှားဖြစ်က၊ ဥတ္တရဟု၊ နာမမည်စစ်၊ လုလင်ဖြစ်၍၊ ကြည်ချစ်လှူကပ်၊ ဗျာဒိတ်ထပ်၏။

(၁၂) မလပ်ဆင့်ကာ၊ သုဇာတာဟု၊ မြတ်စွာဘုန်းရှိ၊ ပွင့်တုံပြီးလည်း၊ ကြီးဘိတန်းခိုး၊ လေးကျွန်းစိုးသား၊ ဘုန်းဖြိုးသနင်း၊ စကြာမင်းလျှင်၊ သတင်းနီးဝေး၊ လှူကြီးပေး၍၊ မြတ်လေးရှင်လန်း၊ ဗျာဒိတ်ညွှန်း၏။

(၁၃) တခန်းစင်စစ်၊ တဆယ့်ရှစ်လျှင်၊ သုဦးလစ်တုံထွန်၊ ကမ္ဘာလွန်မှ၊ တတန် ဝရ၊ ကမ္ဘာမထက်၊ ပိယဒဿီ၊ ပွင့်ချိန်ဆီဝယ်၊ အညီခေါ်ကြ၊ ကဿပဟု၊ ဗြာဟ္မဏစစ်၊ ပုဏ္ဏားဖြစ်၍၊ အလှစ်ဥစ္စာ၊ လှူပြီးစွာမှ၊ တခါလည်းကောင်း၊ ဗျာဒိတ်လောင်း၏။

(၁၄) ထို့နှောင်း အတ္ထ ဒဿီမှလည်း၊ သုသီမ ရသေ့၊ ဖြစ်၍လှူလှူ၊ ပူဇော်ပြုကြ၊ အောင်ဆုပေးတုံ၊

ဗျာဒိတ်ပုံ၏။

(၁၅) ကြိုက်ဆုံနောက်မှ၊ ဓမ္မဒသီ၊ နှစ်ပါး ညီဝယ်၊ မိုးဆီတောင်တွတ်၊ သိကြားနတ်လျှင်၊ ကြည် ညွှတ်ပူဇော်၊ ဗျာဒိတ်ဖော်၏။

(၁၆) ထိုရော်နောက်မှာ၊ လေးကမ္ဘာလျှင်၊ သုဥ်းရှာလေမှ၊ သာရကပ်တွင်၊ မည်ထင်သိဒ္ဓတ်၊ ပွင့် ပေလတ်က၊ ကြီးမြတ်တန်းခိုး၊ ကျော်ဟိုးမည်သာ၊ မင်္ဂလာရသေ့၊ ဖူး၍ကြည်ဖြူ၊ အလှူပေးထွန်၊ ဗျာဒိတ် ပြန်၏။

(၁၇) ဟတန်လွန်ခဲ့၊ ကိုးဆယ့်နှစ်ကမ္ဘာ၊ သုဥ်းပြီးစွာမှ၊ မည်သာပညတ်၊ မဏ္ဍကပ်ထက်၊ လူ့ရပ် ပေါက်ပြ၊ တိဿမည်ဖာစ်၊ ဘုရားဖြစ်က၊ ကေရာဇ်မင်း၊ ထန်ပြင်းအာဏာ၊ သုဇာတာဟု၊ ထိုခါဖြစ်ပြီး၊ အလှူကြီး ဖြင့်၊ ဆုသီးရည်စောင်၊ ဗျာဒိတ်ဆောင်၏။

(၁၈) ထိုနောင်ဖုဿ၊ ပွင့်လေကလည်း၊ ဝိဇိ တာဝီ၊ လွှင့်ညီသတင်း၊ ပြည့်ရှင်မင်းလျှင်၊ လှူခြင်း ဆန်းထူး၊ ဗျာဒိတ်ကျူးသည်၊ ကျေးဇူးထွန်းပ မြူးစံ တည်း။

(၁၉) ဤကမ္ဘာမှ၊ ကေလွန်လေ၊ ကိုးဆယ်

ထွေ၌၊ ခေါ်ထွေတွင်ထ၊ ကပ်သာရ ထက်၊ လောက
အထွတ်၊ ဝိပဿီမည်ထင်၊ ပွင့်တုံကျင်သော်၊ ရေတွင်
ပိုင်သ၊ အစိုးရသား၊ အတုလမည်ရင်း၊ နဂါးမင်းလျှင်၊
ညွှတ်ခြင်းပူဇော်၊ ဗျာဒိတ်ကျော်၏။

(၂၀) ထိုရော်သုဉ်းပြန်၊ ခြောက်ဆယ်လွန်၍၊
ကပ်ကျန်သုံးဆယ်၊ တစ်ခုဝယ်၌၊ ခေါ်ဘွယ်မည်ရ၊ ကပ်
မဏ္ဍာထက်၊ လောကထွတ်တင်၊ သိခီတွင်သား၊ ချစ်ရင်
မြတ်စွာ၊ ဖြစ်သောခါ၌၊ ရာဇာအရိန္ဒမ၊ ကြီးလှလှုမျိုး၊
ဗျာဒိတ်ပျိုး၏။

(၂၁) တန်းခိုးကြီးထူး၊ ဝေဿဘူဟု၊ နတ်လူ
ဦးစွန်း၊ ဆက်ကာထွန်းက၊ မည်မှန်းခေါ်မှတ်၊ သုဒဿန၊
နရိန္ဒဟု၊ ဖြစ်ထတုံထွန်၊ အလှူသန်၍၊ တတန်ပေးထပ်၊
ဗျာဒိတ်အပ်၏။

(၂၂) အလပ်ထို့နောက်၊ သုံးဆယ်မြောက်
သား၊ ချိန်ရောက်ကမ္ဘာ၊ သုဉ်းပြီးစွာမှ၊ မဟာဘဒ္ဒ၊ ကပ္ပ
မြတ်စွာ၊ ဤကမ္ဘာထက်၊ မည်သာကျော်ဝှန်၊ ကကုသန်
ဟု၊ မြတ်မွန်ရှင်ချစ်၊ ပွင့်ပေလစ်က၊ ကျော်လှစ်ခေမာ၊
မင်းမြတ်စွာလျှင်၊ လှူရာစေ့စုံ၊ အကုံပြန့်ပြော၊ ဗျာဒိတ်
ဟော၏။

(၂၃) ရှင်စောဖုံဖုံ၊ ကောဏာဂုံလျှင်၊ ပွင့်တုံကာလ၊ ပဗ္ဗတဟု၊ နရရန်နင်း၊ လူမင်းစောစီး၊ အလှူကြီးမြင့်၊ ကောင်းချီးပေးတင့်၊ ဗျာဒိတ်ဆင့်၏။

(၂၄) ဘုန်းရှင့်မြတ်လှ၊ ကဿပဟု၊ လူ့ဘထွတ်ခေါင်၊ ငါးမာရ်အောင်က၊ ပွဲဘောင်နှံ့သိ၊ ဇောတိပါလ၊ ဗြာဟ္မဏဟု၊ မည်ရလုလင်၊ ဖူးတွေ့မြင်၍၊ ကြည်ရွှင်ရိုသေ၊ ရှင်ပြုလေသော်၊ ပေးထွေမကျန်၊ ဗျာဒိတ်စွန်ဖြင့်၊ ပွင့်ရန်ချိန်ထောက်၊ အပြီးရောက်၏။

(နှစ်ကျိပ်လေးဆူ ဗုဒ္ဓဝင်ခဏ်း ပြီး၏)

## ဂေါတမမြတ်စွာဘုရားအလောင်းတော်ကျင့်စဉ်အကျဉ်းချုပ်

(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ)

ရှေးက ရေးသား ဖော်ပြအပ်ပြီးသည့်အတိုင်း ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ကဿပမြတ်စွာဘုရားတိုင်အောင် နှစ်ကျိပ်လေးဆူသော မြတ်စွာဘုရားများထံမှာ ဗျာဒိတ်

ခံယူရသည်ဖြစ်ရာ ဗျာဒိတ်ခံယူခဲ့သည့်ဘဝအထူးထူးတို့ကို သဘောတူရာ စုရုံးဖော်ပြသည်ရှိသော်-

**ရသေ့အဖြစ် (၅) ဘဝ**

(က) ဒီပင်္ကရာ မြတ်စွာဘုရားအထံတော်မှာ သုမေဓာရှင်ရသေ့အဖြစ်ဖြင့်ရှေးဦးအစ နိယတဗျာဒိတ် ခံယူတော်မူပြီးနောက်၊

(ခ) နာရဒ မြတ်စွာဘုရား အထံတော်မှာ ဇဋိလရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဂ) အတ္ထဒဿီမြတ်စွာဘုရား အထံတော်မှာ သုသိမရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဃ) သိဒ္ဓတ္ထ မြတ်စွာဘုရား အထံတော်မှာ မင်္ဂလရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(င) တိဿ မြတ်စွာဘုရား အထံတော်မှာ သုဇာတရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း- အားဖြင့် ရှင့်ရသေ့အဖြစ်

ဖြင့် ဗျာဒိတ်ခံယူသောဘဝပေါင်းမှာ (၅) ဘဝဖြစ်လေသည်။

ရဟန်းဘဝ (၉) ဘဝ

(က) ကောဏ္ဍည မြတ်စွာဘုရား အထံတော်မှာ ဝိဇိတာဝီ စကြာမင်းဖြစ်၍ ရဟန်း အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ခ) မင်္ဂလ မြတ်စွာဘုရား အထံတော်မှာ သုရုစိပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဂ) သုမေဓ မြတ်စွာဘုရားအထံတော်မှာ ဥတ္တရ အမည်ရှိသော ပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဃ) သုဇာတ မြတ်စွာဘုရား အထံတော်မှာ စကြာမင်း ဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(င) ဖုဿ မြတ်စွာဘုရား အထံတော်မှာ ဝိဇိတာဝီ အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(စ) ဝေဿဘူ မြတ်စွာဘုရား အထံတော်မှာ သုဒဿန အမည်ရှိသောမင်းဖြစ်၍ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဆ) ကကုသန် မြတ်စွာဘုရား အထံတော်မှာ ခေမ အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဇ) ကောဏာဂုံ မြတ်စွာဘုရားအထံတော်မှာ ပဗ္ဗတအမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဈ) ကဿပ မြတ်စွာဘုရား အထံတော်မှာ ဇောတိပါလ ပုဏ္ဏားလုလင် ဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း- အားဖြင့် ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၉) ဘဝ ဖြစ်လေသည်။

လူအဖြစ်ဖြင့် (၅) ဘဝ

(က) ရေဝတ မြတ်စွာဘုရား အထံတော်မှာ အတိဒေဝ အမည်ရှိသောပုဏ္ဏား ဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ခ) သောဘိတ မြတ်စွာဘုရား အထံတော်မှာ အဇိတ အမည်ရှိသောပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဂ) ပဒုမုတ္တရ မြတ်စွာဘုရား အထံတော်မှာ ဇဋိလ အမည်ရှိသောသေဌေးဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း။

(ဃ) ပိယဒဿီမြတ်စွာဘုရားအထံတော်မှာ ကဿပ အမည်ရှိသောပုဏ္ဏားလုလင်ဖြစ်၍ လူအဖြစ်ဖြင့်ဗျာဒိတ်ခံယူခြင်း။

(င) သိခီ မြတ်စွာဘုရား အထံတော်မှာ အရိန္ဒမ အမည်ရှိသောမင်း ဖြစ်၍ လူအဖြစ်ဖြင့်ပင် ဗျာဒိတ်ခံယူခြင်း-အားဖြင့် လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၅) ဘဝဖြစ်လေသည်။

## နဂါးဘဝ (၂) ဘဝ

(က) သုမန မြတ်စွာဘုရား အထံတော်မှာ အတုလ အမည်ရှိသောနဂါးမင်း ဖြစ်

၍ ဗျာဒိတ်ခံယူခြင်း။

(ခ) ဝိပဿီ မြတ်စွာဘုရား အထံတော်မှာ အတုလ အမည်ရှိသော နဂါးမင်းပင် ဖြစ်၍ ဗျာဒိတ်ခံယူခြင်း – အားဖြင့် နဂါးအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၂) ဘဝဖြစ်လေသည်။

## အဖြစ်တော် တမျိုးစီဖြင့် (၃) ဘဝ

(က) ဓမ္မဒဿီ မြတ်စွာဘုရား အထံတော်မှာ သိကြားမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း (၁) ဘဝ။

(ခ) အနောမဒဿီ မြတ်စွာဘုရား အထံတော်မှာ ဘီလူးစစ်ဘုရင် ဖြစ်၍ ဗျာဒိတ်ခံယူခြင်း (၁) ဘဝ။

(ဂ) ပဒုမ မြတ်စွာဘုရား အထံတော်မှာ ခြင်္သေ့မင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း– အားဖြင့်အဖြစ်တော်တမျိုးစီဖြင့် ဗျာဒိတ်ခံယူသောဘဝပေါင်းတို့မှာ (၃) ဘဝတို့ ဖြစ်ကုန်၏။

**ဆောင်ပုဒ်အချုပ်**။ ရသေ့ပဥ္စ၊ နဝဘိက္ခူ၊ လူအဖြစ်ငါး၊ နှစ်နဂါးတည့်၊ သိကြားယက္ခ၊ သီဟရာဇာ၊ တစ်စီသာ၊ သင်္ချာ ဇောဝိသ။

## သာသနာတော်နှင့်ကြုံကြိုက်ခဲခြင်း

ဤသို့လျှင် မြတ်စွာဘုရား အလောင်းတော် ပါရမီဖြည့်တော်မူရသော လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလအတွင်း၌ ဒီပင်္ကရာမြတ်စွာဘုရား၏ သာသနာတော်အစ ကဿပမြတ်စွာဘုရား၏သာသနာတော် တိုင်အောင် နှစ်ဆယ့်လေးဘဝသာ သာသနာတော်နှင့် တွေ့ကြုံရသည်ကိုထောက်ဆ၍ ဘုရားသာသနာတော်နှင့် ကြုံကြိုက်ခဲသည့် ဤအဖြစ်ကို နှစ်နှစ်နှောနှော သဘောကြံဆမိကြ၍ မိမိတို့တွေ့ကြုံနေရသော သာသနာတော်ခေတ်ကို အချည်းနှီးမဖြစ်အောင် အားသစ် ကြိုးစားသင့်ပေ၏။

**ကျမ်းကိုး**– တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသော မဟာဗုဒ္ဓဝင်၊ ပဌမတွဲ (ဒုတိယပိုင်း) စာမျက်နှာ ၅၃၇၊ ဗျာဒိတ်ခံအကျဉ်းချုပ်လင်္ကာမှ စာမျက်နှာ ၅၄၃ သာသနာတော်နှင့်ကြုံခဲခြင်းတို့ကို ထုတ်နှုတ်ပြုစု ပူဇော်ခြင်းဖြစ်ပါသည်။

## ၄၇

## ဂေါတမဘုရားအလောင်းတော်သည်
## လေးသင်္ချေနှင့်ကမ္ဘာတသိန်းအတွင်း၌
## ပွင့်တော်မူကြသော ၂၄ ဆူသောဘုရားရှင်တို့၏
## ထံတော်၌ နိယတဗျာဒိတ်ပန်းကို
## ဆင်မြန်းတော်မူခြင်း

(မဟာသိပ္ပံ ပရိယတ္တိ စာသင်တိုက် ဘဒ္ဒန္တသီရိဓမ္မ)

### ဘုရားလောင်းသုမေဓာရှင်ရသေ့ဗျာဒိတ်ခံယူခြင်း

ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ရမ္မာဝတီနေပြည်တော်၌ ဘုရားအလောင်းတော် သုမေဓာ အမည်ရှိသော အမျိုးကောင်းသား ပုဏ္ဏားဖြစ်၍ ငယ်စဉ်ကပင် မိဘများကွယ်လွန်သွား၍ ပစ္စည်းဥစ္စာ ရွှေငွေရတနာ များစွာကျန်ရှိခဲ့၍ ပစ္စည်းထိန်းဖြစ်သူက သုမေဓာအား ပစ္စည်းများကိုပြ၍ ချမ်းသာပျော်ပါးစွာ နေပါလော့ ဟုပြောဆိုပါသည်။

ထိုအခါ သုမေဓာသတို့သားသည် ဤသို့တွေးမိ၏–

" ငါ့မိ၊ ငါ့ဘ၊ ငါ့ဘိုး၊ ငါ့ဘွား တို့သည် ဤပစ္စည်းများကို သေလွန်သောအခါ မည်သို့မျှယူမသွားနိုင်ကြပါတကား၊ များပြားစွာစုဆောင်းမိသည်မှန်လျက်လည်း စွန့်ပစ်ခဲ့ကြရသည်သာဖြစ်ပါတကား၊ ငါမူကားထိုသို့မဟုတ်၊ ထိုထိုပစ္စည်းများကိုငါ့နောက်သို့ထက်ကြပ်ပါအောင် ကြံဆောင်ကြိုးပမ်းပေအံ့။ "

သို့ဖြင့် ရှိရှိသမျှသော စည်းစိမ်ဥစ္စာတို့ကို အလုံးစုံစွန့်လွှတ်လှူဒါန်းပြီး ရသေ့ပြုလုပ်ပြီးလျှင် ဈာန်အဘိညာဉ်နှင့်ပြည့်စုံစေလျက် ဟိမဝန္တာတော၌နေတော်မူ၏။ ထိုအချိန်အခါ၌ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူပြီးလျှင် ရမ္မာနေပြည်တော်သို့ ဒေသစာရီကြွချီတော်မူလာ၍ သုဒဿနကျောင်းတော်ကြီး၌ ရဟန္တာလေးသိန်းတို့ဖြင့် သီတင်းသုံးနေတော်မူစဉ် ရမ္မာဝတီပြည်သူပြည်သားတို့ ဆွမ်းဖြင့်ပင့်ဖိတ်သည်ဖြစ်၍ သုဒဿနကျောင်းတော်မှ လေးသိန်းသောသံဃာများခြံရံကာ ရမ္မာဝတီပြည်သို့ ကြွချီတော်မူလာသည်။

ထိုသို့ ဒီပင်္ကရာမြတ်စွာဘုရားကြွလာချိန်တွင် အလောင်းတော် သုမေဓာရှင်ရသေ့သည် မိမိပြုပြင်ရမည့်လမ်း ပြုပြင်မပြီးသေးသဖြင့် ရွံ့ညွှန်ပေါ်တွင် အပေါ်ရုံကို ဖြန့်ခင်းကာ ကိုယ်ကိုအလျားမှောက်ထိုးပြီးလျှင်

ဒီပင်္ကရာမြတ်စွာဘုရားအား မိမိအသက်ကိုမငဲ့ကွက်ဘဲ တံတားအဖြစ်နင်း၍ ကြွတော်မူပါရန် လျှုဒါန်းလေပြီး နောက် အောက်ပါအတိုင်းစဉ်းစားမိပြီး ချက်ချင်းပင် စိတ်ပိုင်းဖြတ်လိုက်သည်–

" ငါသည် ကိလေသာကုန်ခန်းသည့် ရဟန္တာ ဖြစ်လိုလျှင် ယနေ့ပင် ဖြစ်နိုင်ရာ၏။ သို့သော်သတ္တဝါ အများကို ကယ်တင်နိုင်လောက်သော အစွမ်းသည် ရှိပါ လျက် တစ်ဦးတည်း ကိုယ်လွတ် ရုန်းသွားခြင်းကား မသင့်လျော်ချေ။ ငါလည်း ဒီပင်္ကရာမြတ်စွာဘုရား ကဲ့သို့ ဘုရားဖြစ်အောင် ကြိုးစားတော့အံ့" ဟု စိတ်၌ ခိုင်မြဲစွာ အဓိဋ္ဌာန်လိုက်လေသည်။

(၁) ဗုဒ္ဓေါ ဗောဓေယျံ (ဗုတ်ဒေါဗောဓေ ယံ) သစ္စာတရားတို့ကို ငါသိသလို သတ္တဝါဝေနေယျတို့ကိုလည်း သိစေ မည်။

(၂) မုတ္တော မောစေယျံ (မုတ်တောမောစေ ယံ) ဘဝအနှောင်အဖွဲ့မှငါလွတ်သလို သတ္တဝါဝေနေယျတို့ကိုလည်း လွတ် စေမည်။

(၃) **တိဿော တာရေယျံ** (တိန်နောတာ ရေယံ) သံသရာဝဲဂယက်မှ ငါကူး မြောက်နိုင်သလို သတ္တဝါဝေနေယျတို့ ကိုလည်း ကူးမြောက်စေမည် - ဟု လည်း ရဲရင့်စွာ ကြွေးကြော်အမိန့်ရှာန် တော်မူပါသည်။

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားက အနာဂတံ သ ဉာဏ်ဖြင့် ကြည့်တော်မူကာ အလောင်းတော်သုမေဓာ ၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍-

ဤ သုမေဓာရှင် ရသေ့သည် ဤကမ္ဘာမှ နောက် လေးသင်္ချေနှင့်ကမ္ဘာတသိန်း လွန်မြောက်သော အခါ လူသုံးပါးတို့တွင် ဂေါတမအမည်ရှိသော ဘုရား စင်စစ် ဖြစ်လတ္တံ့ ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ လေသည်။

## အင်္ဂါရှစ်ဝ မစုံက နိယတဗျာဒိတ် မခံတော်နိုင်လကော်

လေးအသင်္ချေ၊ သိန်းနေကမ္ဘာ၊ ရေတွက်ပါက၊
သောလ ဘာသ၊ ဖေယျ ရစိ၊ လေးပါးရှိ၏၊

ထိုသည်လေး၀၊ သင်္ချေယတွင်၊ အစသေလ၊
သင်္ချေယ၌၊ သာရမဏ္ဍ၊ ကမ္ဘာမ၀ယ်၊
ဇိနသခင်၊ ဘုရားရှင်တို့၊ မချို့မှန်စွာ၊
ပွင့်ကြရာတွင်၊ တဏှင်္ကရာ၊ တစ်ဖြာမေခင်၊
သရဏင်္ကရနှင့်၊ ဒီပင်္ကရာ၊ မြတ်စွာလေးဆူ၊
ပွင့်တော်မူသော်၊ အလောင်းတော်မူ၊
သုံးဆူဘုရား၊ ဖူးတွေ့ငြားလည်း၊
ရှစ်ပါးအင်္ဂါ၊ မစုံပါ၍၊ မှန်စွာဗျာဒိတ်၊
မခံတော်နိုင်ပ်တည်း။

## ၁။ ဘုရားအလောင်း သုမေဓာရသေ့ ဒီပင်္ကရာ မြတ်စွာဘုရားထံ ဗျာဒိတ်ခံယူခြင်း

ခံတော်နိုင်ပ်နိုင်စွမ်း၊ ဗျာဒိတ်ပန်းကို၊
ဆင်မြန်းပါချင်၊ တို့ရှင်ပင်သည်၊
ဒီပင်္ကရာ၊ စောမြတ်စွာ၏၊ ပွင့်ရာကာလ၊
နောက်ဆုံးကျမှ၊ အမရ၀တီ၊ မင်းနေပြည်မှာ၊
သုမေဓာဟု၊ တေဇာရောင်လှစ်၊ ရသေ့ဖြစ်၍၊
ရှင်ချစ်ဗုဒ္ဓ၊ သုဒဿန၊ ကျောင်းတော်မှသာ၊
ဆွမ်းခံရာသို့၊ ကြွလာတုံငြား၊
မြတ်ဘုရားအား၊ အလျားမှောက်ခင်း၊

တံတားခင်းကာ၊ လှူဒါန်းပါ၏၊
ထိုအခါကာလ၊ မြတ်ဗုဒ္ဓကာ၊
နှုတ်ဟမြွက်ကြား၊ ဗျာဒိတ်ထားသည့်၊
ဘုရားစင်စစ်၊ ဖြစ်အံ့တည်း။

(ဒီပင်္ကရာမြတ်စွာဘုရားရှင်ထံဗျာဒိတ်ခံယူခန်းပြီး၏)

## ၂။ ဘုရားအလောင်းတော် ဝိဇိတာဝီ စကြာမင်း ကောဏ္ဍညဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

သေလအသင်္ချေ၊ သုဉ်းပြန်လေ၍၊
သင်္ချေဘာသ၊ ဖြစ်ပေါ်ကလျှင်၊ သာရကမ္ဘာ၊
ကြုံသောအခါက၊ ကောဏ္ဍညဟု၊
နာမမည်တွင်၊ ဘုရားရှင်၏၊
ဘက်ထက်ကြည့်က၊ စန္ဒဝတီ၊
ထိုသည့်ပြည်မှာ၊ ဝိဇိတာဝီ၊ ခေါ်မည်စကြာ၊
မင်းရာဇာသည်၊ မြတ်စွာဘုရား၊ အမှူးထား၍၊
များပြားလှပေ၊ ကုဋေတစ်သိန်း၊
တွက်ကိန်းမှန်စွာ၊ မြတ်သံဃာအား၊
သဒ္ဓါတရား၊ လွန်တိုးပွား၍၊
ဆွမ်းများလှူဒါန်း၊ တစ်ခန်းမယွင်း၊
ဝါတွင်းသုံးလ၊ တုမရသည့်၊ အသဒိသ၊

ဒါနအစု၊ ပေးလှူမှုကြောင့်၊
သုံးလူ့မြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ကောဏ္ဍညဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၃။ ဘုရားအလောင်းတော် သုရုစိပုဏ္ဏားသည် မင်္ဂလမြတ်စွာဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ဘာသ သချေ်၊ သုဉ်းပြန်လေသော်၊
တွက်ရေစဉ်ကျ၊ သချေ်ယတွင်၊
ဇေယျသချေ်၊ ဖြစ်ပြန်လေက၊ သာရမဏ္ဍ၊
ကမ္ဘာမဉ္ဇ၊ မင်္ဂလဟု၊ ဗုဒ္ဓမြတ်စွာ၊
လက်ထက်ခါတွင်၊ ဗေဒင်ပဏ္ဍိ၊ သုရုစိဟု၊
နံ့သိကြေညာ၊ ထိုအခါက၊ မြတ်စွာသခင်၊
သုံးလူ့ရှင်အား၊ ကြည်လင်မြတ်လေး၊
သဒ္ဓါဖွေးဖြင့်၊ ဆွမ်းကျွေးပြုစု၊
ဤကောင်းမှုကြောင့်၊ သုံးလူ့ထွတ်ဖျား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့ဟည်း။

(မင်္ဂလဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၄။ ဘုရားအလောင်းတော် အတုလနဂါးမင်းသည် သုမနမြတ်စွာဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

သုမနတွင်၊ မြတ်ရှင်ပင်၏၊
ပွင့်စဉ်ကာလ၊ အခါကမူ၊
အတုလဟု၊ နာဂရာဇာ၊ ဖြစ်သောအခါဝယ်၊
မြတ်စွာသခင်၊ သုံးလူ့ရှင်အား၊
ကြည်လင်သဒ္ဒါ၊ စေသဒ္ဒါမြတ်၊
တိုးပွားလာတ်၍၊ နတ်တူရိယာ၊
တီးမှုတ်ခါဖြင့်၊ ပူဇော်လင့်၏၊
ထပ်ဆင့်ပြီးသော်၊ အဖျော်သကၤန်း
ဆွမ်းလှူဒါန်းကာ၊ မြတ်စွာဘုရား၊
ထံတော်ပါးမှ၊ သုံးပါးအစုံ၊ သရဏဂုံ၊
သီလထုံ၍၊ ယုံယုံကြည်ကြည်၊
ကျင့်ဆောက်တည်သော်၊ မိန့်တော်မြွက်ကြား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(သုမနဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၅။ ဘုရားအလောင်းတော် အတိဒေဝပုဏ္ဏားသည် ရေဝတမြတ်စွာဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ရေဝတဟု၊ လောကသခင်၊ ပွင့်ပေါ်စဉ်မှာ၊
ထိုအခါက၊ ရမ္မဝတီ၊ မင်းနေပြည်၌၊
ခိုမှီနေဘိ၊ အတိဒေဝ၊ နာမထင်ရှား၊
ထိုပုဏ္ဏားသည်၊ ဘုရားမြတ်ဂုဏ်၊
အလုံးစုံကို၊ သဒ္ဓါဟုန်ပို၊ ချီးကျူးဆို၍၊
လှူလိုသည့်ခိုက်၊ တစ်ထောင်ထိုက်သည့်၊
နှစ်ခြိုက်ဖွယ်စုံ၊ အပေါ်ရုံကို၊ ယုံကြည်သဒ္ဓါ၊
ထက်သန်စွာဖြင့်၊ သက်န်းလျာပြု၊
လှူဒါန်းမှုကြောင့်၊ သုံးလူ့ထွတ်ဖျား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ရေဝတဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၆။ ဘုရားအလောင်းတော် သုဇာတပုဏ္ဏားသည် သောဘိတမြတ်စွာဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

သောဘိတရှင်၊ ပွင့်ပေါ်စဉ်က၊ ရမ္မဝတီ၊
ထိုသည့်ပြည်မှ၊ သုဇာတမည်၊
ပုဏ္ဏားသည်လည်း၊ ထိုနည်းတူပ၊

မြတ်ဗုဒ္ဓအား၊ သုံးလဝါတွင်း၊
လှူဒါန်းခြင်းကြောင့်၊ လူမင်းမြတ်ဖျား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(သောဘိတဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၇။ ဘုရားအလောင်းတော် ဘီလူးမင်းသည် အနောမဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ဇေယျအသချေ်၊ ကုန်သုဉ်းလေ၍၊
သချေ်ရုစိ၊ ဖြစ်ပြန်ဘိက၊ ဝရကမ္ဘာ၊
ကြုံသောခါက၊ အနောမဒဿီ၊
လက်ထက်သည်ကား၊ မတည်တုံငြား၊
လွန်ဆန်းပြား၍၊ ကံများနိမ့်လျှိုး၊ ဘီလူးမျိုး၌၊
ဖြစ်ခိုက်ကြုံမှု၊ စစ်ဗိုလ်ပြုကာ၊
ကောင်းမှုပါအောင်၊ မဟာမဏ္ဍပ်၊
ဖန်ဆင်းလတ်၍၊ ကြီးမြတ်ဒါန၊
လှူဒါန်းထသော်၊ ဗုဒ္ဓရှင်တော်၊ မြတ်ဖိနော်က၊
မိန့်တော်မြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(အနောမဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၈။ ဘုရားအလောင်းတော် ခြင်္သေ့မင်းသည် ပဒုမဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ပဒုမသခင်၊ ပွင့်ပေါ်စဉ်လည်း၊
တောတွင်ပိုင်နင်း၊ ခြင်္သေ့မင်းစစ်၊
ဖြစ်ပြန်လစ်သော်၊ ရှင်ချစ်ဗုဒ္ဓ၊ တောသို့ကြွ၍၊
နိရောဓဝင်၊ ပျော်စံရွှင်လျက်၊ ခုနစ်ရက်ပေ၊
နေတုံလေက၊ တောမှသားရဲ၊ ဘေးရန်ရဲဖို့၊
အမြဲတစေ၊ စောင့်ရှောက်လေကြောင့်၊
ဗုဒ္ဓမြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ပဒုမဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၉။ ဘုရားအလောင်းတော် အဘိညာဉ်ရသေ့သည် နာရဒဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

နာရဒဟု၊ ဗုဒ္ဓမြတ်စွာ၊ လက်ယက်မှာကို၊
ဟိမဝါပျော်၊ သူတော်ရသေ့၊ ဖြစ်ပေ၍လျှင်၊
သုံးလူ့ရှင်အား၊ ကြည်လင်စိတ်ထား၊
သဒ္ဓါပွား၍၊ မခြားမပျက်၊ ခုနစ်ရက်သာ၊
ဆွမ်းကပ်ပါ၏၊ များစွာထိုက်တန်၊
ဆောင်ယူပြန်၍၊ လှူရန်ကြံစည်၊

စန္ဒကူးနီကို၊ ကြည်ညိုလှူဒါန်း၊
ဒါနစွမ်းကြောင့်၊ မိန့်ခွန်းမြွက်ကြား၊
ဗျာဒိတ်ထားသည်၊ ဘုရားစင်စစ် ဖြစ်အံ့တည်း။

(နာရဒဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

၁၀။ ဘုရားအလောင်းတော်ဇဋိလ တိုင်းကြပ်ရာဇာ
သည် ပဒုမုတ္တရဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ရစိအသချေ၊ ကုန်သုဉ်းလေ၍၊
တွက်ရေများစွာ၊ ကမ္ဘာတစ်သိန်း၊
ဖြစ်ကိန်းကြုံရ၊ သာရတွင်ထ၊ ကမ္ဘာမဍ္ဍ၊
ဉာဏစက္ခု၊ သဗ္ဗညုဟု၊ ပဒုမုတ္တရ၊
လက်ထက်ကလည်း၊ ဗုဒ္ဓမြတ်စွာ၊
ဘုရားလျာသည်၊ ဟံသာဝတီ၊ မင်းနေပြည်မှ၊
ဇဋိလဟု၊ တိုင်းကြပ်ရာဇာ၊ ဖြစ်သောခါက၊
မြတ်စွာဘုရား၊ အမှူးထား၍၊
များပြားလှစွာ၊ ထေရ်သံဃာအား၊
သဒ္ဓါကြည်ဖြူ၊ ဆွမ်းကပ်လှူ၍၊
နည်းတူမြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ပဒုမုတ္တရဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၁၁။ ဘုရားအလောင်းတော် ဥတ္တရလုလင်သည် သုမေဓဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ကမ္ဘာအပေါင်း၊ လွန်ကြာညောင်း၍၊
ခုနစ်သောင်းပ၊ ကုန်ပြီးလျှင်မှ၊
သုံးသောင်းမျှသာ၊ ကျန်သောခါတွင်၊
မဏ္ဍာကမ္ဘာ၊ ဖြစ်သောခါက၊
သုမေဓဟု၊ သုံးလူ့ဗုဒ္ဓ၊ လက်ထက်ကမူ၊
သုဒဿန၊ နဂရ၌၊ ဥတ္တရတွင်၊
ထိုလုလင်သည်၊ ချစ်ရှင်မြတ်စွာ၊
သာသနာသို့၊ ဝင်လာပြီးလျှင်၊
ရှင်ဥတ္တရ၊ ထိုနာမဖြင့်၊ နှုတ်ဟမြွက်ကြား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(သုမေဓဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၁၂။ ဘုရားအလောင်းတော် စကြာမင်းသည် သုဇာတဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

သုဇာတဟု၊ လောကမှန်ကူ၊
လက်ထက်မူလည်း၊ ဇမ္ဗူကျွန်းလုံး၊
သိမ်းကျုံးပိုင်နင်း၊ စကြာမင်းစစ်၊

ဖြစ်တုံလှစ်၍၊ စွန့်ပစ်ထီးနန်း၊
လှူဒါန်းပြီးကာ၊ သာသနာ၌၊
ဖန်ဝါဆင်မြန်း၊ ရဟန်းပြုလုပ်၊
မယုတ်သဒ္ဓါ၊ များစွာခွန်တုတ်၊
ဥစ္စာသုတ်ကို၊ ဗုဒ္ဓမြတ်စွာ၊
များသံဃာအား၊ သဒ္ဓါဖျောက်စွာ၊
မြဲလှူပါ၏ ထိုခါကာလ၊ မြတ်ဗုဒ္ဓက၊
နှုတ်ဟမြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(သုဇာတဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

၁၃။ ဘုရားအလောင်းတော်ကဿပ ပုဏ္ဏားလုလင်
သည် ပိယဒဿီဘုရားရှင်ထံဗျာဒိတ်ခံယူခြင်း

တစ်ဆယ့်ရှစ်ရာ၊ လွန်ပြီးကာမှ၊
ကမ္ဘာ ဝရ၊ ကြုံပြန်ကမူ၊ ပိယဒဿီ၊
ဘွဲ့အမည်ဖြင့်၊ ပွင့်သည့်ကာလ၊ ခါသမယ၌၊
သုညေဟု၊ နဂရတွင်၊ လွန်ကျွမ်းကျင်သည့်၊
ဗေဒင်ဆရာ၊ ပါရဂူရောက်၊
တတ်မြောက်တုံငြား၊ ပုဏ္ဏားဖြစ်ရ၊
ကဿပသည်၊ ဝိဟာရဟူ၊

ကျောင်းဆောက်လှူလျှင်၊ စင်ဖြူသီလ၊
စောင့်ထိန်းကလျှင်၊ အကျိုးအင်ကြောင့်၊
ချစ်ရှင်မြွက်ကြား၊ ဗျာဒိတ်တားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ပိယဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၁၄။ ဘုရားအလောင်းတော် သုသီမပုဏ္ဏားသည် အတ္ထဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

အတ္ထဒဿီ၊ ဘွဲ့တော်မည်သား၊
မြတ်ဘုရား၏၊ ထင်ရှားပွင့်ရာ၊ ထိုအခါက၊
စမ္ပကဟု၊ နာမတွင်ပေ၊ မြို့နေပုဏ္ဏား၊
အမည်အားဖြင့်၊ အများခေါ်ကြ၊ သုသီမတည့်၊
ဘဝထိုစဉ်၊ တောသို့ဝင်၍၊ ယခင်မလေ့၊
အစဉ်မွေ့လျက်၊ ရသေ့ပြုကာ၊
မြတ်စွာသုံးလူ့၊ သဗ္ဗညုအား၊
ပန်းဟုထင်ရှား၊ နတ်ပန်းများဖြင့်၊
ခြားနားစေမှု၊ အထူးပြုလျက်၊ ပန်းနုမဏ္ဍပ်၊
ပန်းထီးမြတ်ဖြင့်၊ ဆက်ကပ်ပူဇော်၊
လှူဒါန်းသော်လျှင်၊ သုံးလူ့ရှင်က၊
ကြည်လင်မြွက်ကြား၊ ဗျာဒိတ်ထားသည်၊

ဘုရားစင်စစ် ဖြစ်အံ့တည်း။

(အတ္ထဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၁၅။ ဘုရားအလောင်းတော် သိကြားမင်းသည် ဓမ္မဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ဓမ္မဒဿီ၊ လက်ထက်ဆီကား၊
ကံများပွင့်လင်း၊ သိကြားမင်းစစ်၊
ဖြစ်တုံလစ်၍၊ ဓမ္မရာဇ်သခင်၊ ဘုရားရှင်အား၊
ဝပ်တွားကြည်ဖြူ၊ နတ်ပန်းလှူ၍၊
နတ်တူရိယာ၊ ပူဇော်ပါ၏၊ ထိုအခါကာလ၊
မြတ်ဗုဒ္ဓက၊ နှုတ်ဟမြွက်ကြား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ဓမ္မဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၁၆။ ဘုရားအလောင်းတော် မင်္ဂလရသေ့သည် သိဒ္ဓတ္ထဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ကမ္ဘာလေး၀၊ သုဉ်းလေကလျှင်၊
သာရကမ္ဘာ၊ ဖြစ်ပေါ်လာက၊ သိဒ္ဓတ္ထဟု၊
လောကသခင်၊ ဘုရားရှင်၏၊

လက်ထက်ကြည့်က၊ သိရှိကြလေ၊
သုရသေန၊ နဂရဍ္ဍ၊ နာမတွင်ထ၊
မင်္ဂလဟု၊ ရသေ့ပြုကာ၊ ဇမ္ဗူ့သပြေ၊
ဆောင်ယူလေ၍၊ လှူဒါန်းလေ့ကြောင့်၊
ဘုန်းဟော့မြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(သိဒ္ဓတ္ထဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၁၇။ ဘုရားအလောင်းတော် သုဇာတရသေ့သည် တိဿဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

တဖန်တွက်စေ့၊ ကိုးဆယ့်နှစ်ခါ၊
ကမ္ဘာကျန်လတ်၊ မဏ္ဍာကပ်၌၊ တိဿသခင်၊
လက်ထက်တွင်ဝယ်၊ မြို့လျှင်မည်ရ၊
ယသဝတီ၊ ထိုသည့်မင်းက၊ သုဇာတတည့်၊
နောက်မှနန်းထီး၊ စွန့်လွှတ်ပြီး၍၊
ရသေ့ဈာန်ရ၊ ဖြစ်ပြီးမှလျှင်၊ သုံးလူ့ရှင်အား၊
ကြည်လင်နတ်ပန်း၊ ရတနာလွှမ်းထီး၊
ဆောင်းမိုးပြီးကာ၊ ပူဇော်ပါလျှင်၊
ဘုရားရှင်က၊ သိမြင်သောအား၊
ဗျာဒိတ်ထားသည်၊

ဘုရားစင်စစ် ဖြစ်အံ့တည်း။

(တိဿဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၁၈။ ဘုရားအလောင်းတော် ဝိဇိတာဝီမင်းသည် ဖုဿဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ဖုဿဘုရား၊ ပွင့်ကြွားကာလ၊ အခါကမူ၊
အရိန္ဒမ၊ မြို့ဌာနဥ္၊ မင်းမြတ်ရာဇာ၊
ဝိဇိတာဝီ၊ နာမည်အရ၊ ဖြစ်ပြီးသည်ပ၊
နောက်ကာလဥ္၊ ဘဝစခန်း၊
လွတ်ဖို့မှန်းလျက်၊ ရဟန်းပြုပေ၊
မြတ်စိတ္တေက၊ နှုတ်ချွေမြွက်ကြား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ဖုဿဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၁၉။ ဘုရားအလောင်းတော် အတုလနဂါးမင်းသည် ဝိပဿီဘုရားရှင်ထံဗျာဒိတ်ခံယူခြင်း

ကမ္ဘာတွက်စစ်၊ ကိုးဆယ့်တစ်ပေ၊
လွန်ခဲ့လေထ၊ ကပ်ဘာရဥ္၊ ဌာနလူ့ပြည်၊
ဝိပဿီဟု၊ ခြောက်လီဘုန်းရှင်၊

ပွင့်ပေါ်စဉ်ဝယ်၊ နဂါးနွယ်၌၊ ကံငယ်ပစ်ချ၊
အတုလဟု၊ နာဂရာဇာ၊ ဖြစ်သောခါက၊
မြတ်ဗုဒ္ဓအား၊ ခုနစ်ပါးဖြာ၊ ရတနာဖြင့်၊
တန်ဆာဆင်၍၊ ရှုချင့်စဖွယ်၊
မွှမ်းချယ်လှယ်အပ်၊ မဏ္ဍပ်အလယ်၊
လှူဒါန်းဖွယ်ကို၊ သွယ်သွယ်များဖြင်၊
လှူဒါန်းစဉ်က၊ ဘုန်းရှင်မြွက်ကြား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ဝိပဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၂၀။ ဘုရားအလောင်းတော် အရိန္ဒမမင်းသည် သိခီဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

တစ်ခုနှတ်ခါ၊ ကမ္ဘာခြောက်ဆယ်၊
ကုန်သုဉ်းကွယ်၍၊ သုံးဆယ်တစ်သာ၊
ကျန်သောခါက၊ ကမ္ဘာမဏ္ဍာ၊ နှစ်ဆူမျှသည်၊
ပွင့်ကြမည်ပ၊ သိခီဗုဒ္ဓ၊ လက်ထက်ကမူ၊
နာမတွင်ရှိ၊ ပရိဘုတ္တ၊ မြို့ဌာန၌၊
အရိန္ဒမ၊ မင်းရာဇသည်၊ ဗုဒ္ဓပြမုခ၊
မြတ်သံဃာအား၊ များစွာဝတ်ထည်၊

စုံအညီပ၊ နှစ်ဆယ်မျှကို၊ "ကောင်ငိ"ဆို၏၊
မှတ်သို့မြဲစွာ၊ ဤခွဲမှာမူ၊ ဆယ်ထည်ယူလို၊
ပြည့်ဆွန်းဆို၏၊ ထိုထိုများစွ၊ ဒါတဗ္ဗကို၊
ဒါနမဟာ၊ လှူဒါန်းရာ၌၊
သာယာမြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(သိခီဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၂၁။ ဘုရားအလောင်းတော် သုဒဿနမင်းသည် ဝေဿဘူဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ဝေဿဘူရှင်၊ ပွင့်စဉ်ကာလ၊
အခါကလည်း၊ သရဘဝတီ၊ မြို့နာမည်ရ၊
နဂရ၌၊ သုဒဿန၊ မင်းလုရာဇာ၊
ဖြစ်သောခါတွင်၊ ဘုရားရှင်အား၊
ကြည်လင်ရွှင်လန်း၊ သဒ္ဓါပန်းဖြင့်၊
သင်္ကန်းနှင့်ကျောင်း၊ စုပေါင်းစုံစွာ၊
အဖြာဖြာကို၊ ကြည်ညိုလှစွာ၊
မဟာဒါန၊ လှူပြီးမှလျှင်၊ သာသနာထမ်း၊
ရဟန်းပြုလတ်၊ အကျင့်မြတ်ကို၊
မြင့်မြတ်အောင်ပြု၊ ကျင့်နိုင်မှုကြောင့်၊

သုံးလူ့မြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။
(ဝေဿဘူဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၂၂။ ဘုရားအလောင်းတော် ခေမမင်းသည် ကကုသန္ဓဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

တစ်ခုနှုတ်ပယ်၊ သုံးဆယ်ကမ္ဘာ၊
သုဉ်းပြီးကာမှ၊ ကမ္ဘာဘဒ္ဒ၊ ရောက်ပြန်ကလျှင်၊
သခင်သုံးလူ့၊ သဗ္ဗညုဟု၊ ကကုသန္ဓ၊
လက်ထက်ကလည်း၊ ခေမဝတီ၊
မင်းနေပြည်၌၊ သိမ်းပိုက်ခေမ၊
မင်းရာဇသည်၊ လောကသနင်း၊
တရားမင်းအား၊ မျက်စဉ်းစသား၊
ဆေးဝါးများနှင့်၊ မြောက်မြားစုံစွာ၊
ပရိက္ခရာကို၊ ကြည်သာလှူဒါန်း၊
သဒ္ဓါစွမ်းဖြင့်၊ ရဟန်းပြုစဉ်၊ မြတ်ရှင်ပင်က၊
ကြည်လင်မြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။
(ကကုသန္ဓဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၂၃။ ဘုရားအလောင်းတော် ပဗ္ဗတမင်းသည် ကောဏာဂုံဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ကောဏာဂမန၊ ပွင့်စဉ်ကလည်း၊
ခေါ်ကြမှန်စွာ၊ မိထိလာမည်၊
မင်းနေပြည်ဝယ်၊ နာမည်အရ၊ ပဗ္ဗတဟု၊
ရာဇသေဌ်နင်း၊ ဖြစ်တုံလျှင်း၍၊
ဝါတွင်းသုံးလ၊ မြတ်ဗုဒ္ဓအား၊
ပဏ္ဍုကြွာတိုင်းဖြစ်၊ စိန့်တိုင်းဖြစ်သည့်၊
ပိုးစစ်ကမ္ဗလာ၊ များစွာဝတ်ထည်၊
တစ်လီခြေနင်း၊ မကြွင်းစေမူ၊
လှူဒါန်းပြုသော်၊ သုံးလူ့မွှက်ကြား၊
ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ကောဏာဂမနဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

## ၂၄။ ဘုရားအလောင်းတော် ဇောတိပါလ လုလင်သည် ကဿပဘုရားရှင်ထံ ဗျာဒိတ်ခံယူခြင်း

ကဿပဟု၊ ဗုဒ္ဓမြတ်စွာ၊ ပွင့်သောခါက၊
သညာခေါ်ဘိ၊ အများသိသည့်၊ ဇောတိပါလ၊
နာမမည်တွင်၊ ထိုလုလင်သည်၊

ကြည်လင်သဒ္ဒါ၊ တရားနာ၍၊
ပါရမီမှု၊ ရဟန်းပြုကာ၊ သာသနာကို၊
ကောင်းစွာမသွေ၊ တင့်တယ်လေအောင်၊
ကျင့်စွမ်းဆောင်မှ၊ မြတ်ဗုဒ္ဓက၊
နှုတ်ဟမြွက်ကြား၊ ဗျာဒိတ်ထားသည်၊
ဘုရားစင်စစ် ဖြစ်အံ့တည်း။

(ကဿပဘုရားရှင်ထံ ဗျာဒိတ်ခံယူခန်း ပြီး၏)

**ဆောင်ပုဒ်။** ရသေ့ငါးခါ၊ ရဟန်းမှာကိုး၊ လူမျိုးငါးပါး၊ နှစ်နဂါးတည့်၊ သိကြားဘီလူး၊ ခြင်္သေ့ထူးစွ၊ တစ်ဆီပ: ဘဝနှစ်ဆယ့်လေး။

ဤတွင် ဂေါတမဘုရားအလောင်းတော်သည် နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ထံ နိယတဗျာဒိတ် ခံယူပုံအကျဉ်းချုပ် စပ်ဆိုသည့် ကဗျာလင်္ကာ ပြီး၏။

**ကျမ်းကိုး။** ဂေါတမဘုရားအလောင်းတော် ဘုရားရှင် နှစ်ကျိပ်လေးဆူထံ ဗျာဒိတ်ခံယူပုံအကျဉ်းချုပ် ကဗျာလင်္ကာဖြင့် စပ်ဆိုထားပုံကို သင်္ကန်းကျွန်း မဟာသိပ္ပံ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီရိဓမ္မရေးသားသော ဗုဒ္ဓဉာဏာဒိပကာသနီကျမ်း၊ စာမျက်နှာ (၁၈) မှ (၅၁) ထိ မှ ထုတ်နှုတ်ပါသည်။

## ပဏ္ဏာမမှာတမ်း

ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်ကြီးမှ စ၍ ရေးသားရန် ဖြစ်သော်လည်း ဘုရားရှင်သည် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရ၍ ဘုရားအဖြစ်သို့ ရောက်ဖို့ရန် ဘုရားအလောင်းတော် ဘဝများ၌ လေးအသင်္ချေ နှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဒါနအစ ရှိသော ပါရမီတရားများနှင့် စွန့်ခြင်းကြီးငါးပါး၊ စရိယာ သုံးပါး အစရှိသည်များကို ဘဝမခြား ဖြည့်ကျင့်တော်မူခဲ့သဖြင့် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ရပုံ အလုံးစုံတို့ကို ရှေးဦးစွာ ပြဆိုပြီးမှသာ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့် တကွ ဉာဏ်တော်မျိုးစုံ ဂုဏ်တော်ကျေးဇူးနှင့် ပြည့်စုံပုံတို့ကို ဖော်ပြခဲ့ပါက ဗုဒ္ဓဝင်သူတော်စင်များသည် ဘုရားရှင်၏ ဖြစ်တော်စဉ် ဗုဒ္ဓဝင်အကျဉ်းချုပ်ကို သိရှိနားလည်ကြပြီးလျှင် (မေးမြန်းလာသူများကို အဆင့်လိုက် ရှင်းပြနိုင်ခြင်း) သဒ္ဓါတရားတိုးပွားလာကြပေမည် ဖြစ်သောကြောင့် ပါရမီတရားမှစ၍ အကျဉ်းချုပ်တရား (ဆောင်ပုဒ်) တို့ဖြင့် အကျဉ်းမျှ ထုတ်နှုတ်ရေးသားခြင်း ဖြစ်ပါသည်။

## ပါရမီ ခေါ်ပုံ

မြင့်မြတ်သော ဘုရားအလောင်းအစရှိသော ပုဂ္ဂိုလ်တို့၏အလုပ် (အမှုကိစ္စ) ကို ပါရမီဟုခေါ်သည်။ (တနည်း) မြင့်မြတ်သူတို့၏အလုပ်ဖြစ်သည်။

**ဆောင်ပုဒ်**– မြင့်မြတ်သူများ၊ ပြုလုပ်ငြား၊ မှတ်သား ပါရမီ။

## ပါရမီဆယ်ပါး

| | | | |
|---|---|---|---|
| ၁။ | ဒါနပါရမီ | ၆။ | ခန္တီပါရမီ |
| ၂။ | သီလပါရမီ | ၇။ | သစ္စာပါရမီ |
| ၃။ | နေက္ခမ္မပါရမီ | ၈။ | အဓိဋ္ဌာန်ပါရမီ |
| ၄။ | ပညာပါရမီ | ၉။ | မေတ္တာပါရမီ |
| ၅။ | ဝီရိယပါရမီ | ၁၀။ | ဥပေက္ခာပါရမီ |

ဆယ်ပါးတို့တည်း။

## ပါရမီဆယ်ပါး အပြားသုံးဆယ်

**ပါရမီသုံးမျိုးသုံးစား**

၁။ မိမိကိုယ်ခန္ဓာမှ ပြင်ပဖြစ်သော သက်ရှိသက်မဲ့ ပစ္စည်းများကို စွန့်၍ဖြည့်ကျင့်ခြင်းသည် **ပါရမီ**

မည်၏။

၂။ လက်ခြေစသော အင်္ဂါကြီးငယ်ကိုစွန့်၍ ဖြည့်ကျင့်ခြင်းသည် ဥပပါရမီ မည်၏။

၃။ အသက်ကိုစွန့်၍ ဖြည့်ကျင့်ခြင်းသည် **ပရမတ္ထပါရမီ** မည်၏။

**ဆောင်ပုဒ်–**

ပြင်ပဖြစ်ကြ၊ ပစ္စည်းများ၊ လှူကြား ပါရမီ။
လက်ခြေအင်္ဂါ၊ စွန့်လှူက၊ ဥပပါရမီ။
အသက်ဇီဝ၊ ဖြည့်ကျင့်က၊ ပရမတ္ထပါရမီ။

## အပြားသုံးဆယ်ဖြစ်ပုံ

**ပါရမီပွားများပုံ–** ပါရမီဆယ်ပါးကိုတည်၊ ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီ သုံးပါးနှင့်မြှောက်ပွားသော် ပါရမီအပြား (၃၀) ဖြစ်၏။

**ဆိုလိုရင်းကား–** ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီဆယ်ပါး အားဖြင့် အပြားသုံးဆယ်ရှိ၏ဟူ၍ အကျဉ်းချုပ် မှတ်သားကြရာ၏။

**ဆောင်ပုဒ်–**

– ပြင်ပဖြစ်ငြား၊ သား မယား ရွှေငွေ၊

အထွေထွေပ၊ လျှုဒါန်းက၊ ဒါနပါရမီ။
- လက်ခြေအင်္ဂါ၊ စွန့်လျှုပါက၊ လယ်လတ်ကျ၊ ဒါနဥပပါရမီ။
- အသက်ကိုသာ၊ လျှုဒါန်းပါက၊ လွန်မြတ်လှ၊ ဒါနပရမတ္ထပါရမီ။

ပါရမီဆယ်ပါး၊ အကျယ်ပွား၊ အပြားသုံးဆယ်ညီ။

## စွန့်ခြင်းကြီး ငါးပါး

၁။ ဥစ္စာပစ္စည်းကိုစွန့်ခြင်း (ဓနပရိစ္စာဂ)
၂။ သားသမီးတို့ကိုစွန့်ခြင်း (ပုတ္တပရိစ္စာဂ)
၃။ ဇနီးမယားကိုစွန့်ခြင်း (ဘရိယပရိစ္စာဂ)
၄။ ကိုယ်အင်္ဂါကြီးငယ်ကိုစွန့်ခြင်း (အင်္ဂပရိစ္စာဂ)
၅။ အသက်ကိုစွန့်ခြင်း (ဇီဝိတပရိစ္စာဂ)

**ဆောင်ပုဒ်-** ဥစ္စာပစ္စည်း၊ သားသမီးနှင့်၊ ဇနီးကိုယ်အင်္ဂါ၊ အသက်ပါ၊ ငါးဖြာစွန့်ခြင်းကြီး။

## စရိယသုံးပါး

၁။ သတ္တလောကရှိ သတ္တဝါများအတွက် ကျင့်ခြင်းသည် **လောကတ္ထစရိယာ** မည်၏။
၂။ မိမိ အမျိုး၊ သားမယား၊ ဆွေမျိုးတို့အတွက်

ကျင့်ခြင်းသည် **ဉာတတ္ထစရိယာ** မည်၏။

၃။ ဘုရားဖြစ်ရန်အတွက် ကျင့်ခြင်းသည် **ဗုဒ္ဓတ္ထစရိယာ** မည်၏။

**ဆောင်ပုဒ်**

- အများတွက်ပ၊ ကျင့်ဆောင်ရ၊ လောကတ္ထစရိယာ။
- မျိုးဆွေတွက်သာ၊ ကျင့်ဆောင်ပါ၊ ဉာတတ္ထစရိယာ။
- ဘုရားဖြစ်ပ၊ ကျင့်ပြန်ရ၊ ဗုဒ္ဓတ္ထစရိယာ။

## ပါရမီများ ဘဝများစွာ ဖြည့်ကျင့်ရှာ

အထက်တွင် ပြဆိုအပ်ခဲ့ပြီးသော ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယ သုံးပါးတို့ကား ဘုရားအလောင်းတော်ကြီးများ ကျင့်ခဲ့ရသော အကျင့်တရား ပါရမီတော်များပင် ဖြစ်ပါသည်။ ဂေါတမဘုရားရှင် အလောင်းတော်သည်လည်း လေးအသင်္ချေနှင့်ကမ္ဘာ တစ်သိန်း ကာလပတ်လုံး ဘဝပေါင်းများ ဖြည့်တော်မူခဲ့ရပါသည်။

ဘုရားအလောင်းတော်ဘဝက ဖြစ်ခဲ့ရသော ငါးရာငါးဆယ် ( ၅၄၇ ) ဇာတ်တော်များသည် နိယတ

ဗျာဒိတ်ပန်းကို ဆင်မြန်းပြီးမှ ဖြစ်ခဲ့ရသော ဘဝများသာ ဖြစ်သည်ဟု အဆိုအမိန့်များရှိပါသည်။ ဘုရားရှင်ဟောကြားတော်မူခဲ့သော ငါးရာငါးဆယ် သို့မဟုတ် ငါးရာလေးဆယ့်ခုနစ် ဇာတ်တော်ပေါင်းကို အောက်ဖော်ပြပါလင်္ကာဖြင့် ရေတွက်သိရှိနိုင်ကြရာ၏–

## ငါးရာ့ငါးဆယ် သို့မဟုတ် ငါးရာလေးဆယ်ခုနစ်ဇာတ် ဖြစ်တော်ပေါင်းချုပ်လင်္ကာ

တို့ဘုရားမြတ်၊ ဖြစ်တော်ဇာတ်တွင်၊
နိပါတ်တော်လာ၊ မှတ်စရာကား၊
သုံးရာ့ငါးဆယ်၊ သုံးဝယ်လူဖြစ်၊
ဗြဟ္မာဖြစ်ငါး၊ သိကြားဆယ့်ကိုး၊
နတ်မျိုးဆယ့်လေး၊ မှတ်ရေးနတ်လျှင်၊
သစ်ပင်စောင့်လျှင်၊ သုံးဆယ်တစ်ကောက်၊
မျောက်ဖြစ်ဆယ်နှစ်၊ ဆယ်ဖြစ်ခြင်္သေ့၊
ရွှင်လေ့ကျေးသား၊ ဟင်္သာများမှာ၊
ကိုးစီသာဝယ်၊ သမင်ရှစ်ဟူ၊ ဆင်မူခုနစ်၊
ခိုဖြစ်ခြောက်ခါ၊ နွားမှာပဉ္စ၊ လင်းတ နဂါး၊
မြင်း ငုံးများသည်၊ လေးဖြစ်စီမှတ်၊
ငှက် ဆတ် ဖွတ် ငါး၊ ဒေါင်းခွေးများမှာ၊

သုံးစီသာတည်း၊ ကျီး ခါ ကြက် ကြွက်၊
ဂဠုန်ငှက်နှင့်၊ စက္ကဝက် ဥသြ၊ မုတ်လော့နှစ်စီ၊
ဖြစ်ရပြီတည်း၊ တစ်လီတခြား၊ ဖား ဗီလုံးငှက်၊
ကျွဲ ဝက် ခေါက်ရှာ၊ ကိန္နရာ တင်ကျီး၊
စာဝတီး စွတ်၊ ဇရက်ယုန်လျှောက်၊
သစ်တောက်ငှက်သည်၊ တစ်ကြိမ်စီပင်၊
ဖြစ်ရအင်ကို၊ ပေါင်းလျှင်ငါးရာ၊
လေးဆယ်သာလတ်၊ ခုနစ်ဇာတ်တွင်၊
တို့ချစ်ရှင်သည်၊ ဆယ်အင်သုံးလီ၊
ပါရမီနှင့်၊ သုံးမည်စရိယာ၊ အင်္ဂါငါးပါး၊
အကျင့်များကို၊ မခြားဘဝ၊ ကျင့်ဆောင်မှလျှင်၊
ဝဋ္ဋသြဃ၊ မျောကြနစ်သူ၊ သုံးပါးလူကို၊
ရှစ်ဆူမဂ္ဂင်၊ သင်္ဘောယာဉ်ဖြင့်၊ ကျွန်းခွင်နိဗ္ဗာန်၊
ပို့အံ့ကြံသား၊ လောင်းတော်များကို၊
သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဒါမြတ်နိုး၊
ရှိလျှင်ခိုးသည်၊ ကောင်းကျိုးထက်သန်၊
မဂ်ဖိုလ်ဉာဏ်ဖြင့်၊ နိဗ္ဗာန်အတွက်
ရောက်စေသော်။

(မှတ်ချက်- ဤလင်္ကာကို ကျဉ်းနိုင်သမျှ ကျဉ်း၍ ရေးသားထားခြင်း ဖြစ်ပါသည်။)

## ငါးရာ့လေးဆယ်ခုနစ်ဘဝဖြစ်တော်ဘဝများ

| အမျိုးအမည် | ဖြစ်တော်မူဘဝပေါင်း |
|---|---|
| – လူအဖြစ် | ၃၅၃ ဘဝ |
| – ဗြဟ္မာ | ၅ ဘဝ |
| – သိကြားမင်း | ၁၈ ဘဝ |
| – တာဝတိံသာစသောနတ် | ၁၄ ဘဝ |
| – ရက္ခစိုးစသောနတ် | ၃၁ ဘဝ |
| – မျောက် | ၁၂ ဘဝ |
| – ခြင်္သေ့ | ၁၀ ဘဝ |
| – ကြက်တူရွေး (ကျေးသား) | ၉ ဘဝ |
| – ဟင်္သာ | ၉ ဘဝ |
| – သမင် | ၈ ဘဝ |
| – ဆင် | ၇ ဘဝ |
| – ခို | ၆ ဘဝ |
| – နွား | ၅ ဘဝ |
| – လင်းတ | ၄ ဘဝ |
| – နဂါး | ၄ ဘဝ |
| – မြင်း | ၄ ဘဝ |
| – ငုံး | ၄ ဘဝ |
| – ငှက် (သာမည) | ၃ ဘဝ |
| – ဆိတ် | ၃ ဘဝ |
| – ဖွတ် | ၃ ဘဝ |

| အမျိုးအမည် | ဖြစ်တော်မူဘဝပေါင် |
|---|---|
| – ငါး | ၃ ဘဝ |
| – ဒေါင်း | ၃ ဘဝ |
| – ခွေး | ၃ ဘဝ |
| – ကျိုး | ၂ ဘဝ |
| – ခါ | ၂ ဘဝ |
| – ကြက် | ၂ ဘဝ |
| – ကြွက် | ၂ ဘဝ |
| – ဂဠုန် | ၂ ဘဝ |
| – စက္ကဝက် | ၂ ဘဝ |
| – ဥသြ | ၂ ဘဝ |
| – ဖား | ၁ ဘဝ |
| – ဗိလုံး | ၁ ဘဝ |
| – ကျွဲ | ၁ ဘဝ |
| – ဝက် | ၁ ဘဝ |
| – ခေါက်ရှာ | ၁ ဘဝ |
| – ကိန္နရာ | ၁ ဘဝ |
| – တင်ကျီး | ၁ ဘဝ |
| – တာဝတီး | ၁ ဘဝ |
| – ဇရက် | ၁ ဘဝ |
| – ယုန် | ၁ ဘဝ |
| – သစ်တောက်ငှက် | ၁ ဘဝ |
| ဖြစ်တော်ဘဝပေါင်း | ၅၄၇ ဘဝ |

## ဘုရားဖြစ်ရန် ဗျာဒိတ်ပန်း ဆင်မြန်းခြင်းအတွက် ရှိရမည့် အင်္ဂါ ရှစ်ပါး

၁။ လူဇာတ် (လူသား) စင်စစ်ဖြစ်ရခြင်း။

၂။ ယောကျ်ား စင်စစ်ဖြစ်ရခြင်း။

၃။ ထိုဘဝမှပင် အရဟတ္တဖိုလ်ရနိုင်လောက်သော ရဟန္တာဖြစ်နိုင်လောက်သော ကုသိုလ်ပါရမီထူး ပြည့်စုံသူ ဖြစ်ရခြင်း။

၄။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း။

၅။ ကမ္မဝါဒီရသေ့ (သို့မဟုတ်) သာသနာတွင်း ရဟန်းဖြစ်ခြင်း။

၆။ ဈာန်သမာပတ် အဘိညာဉ် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခြင်း။

၇။ မိမိ၏ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ ဘုရားရှင်အား စွန့်လှူနိုင်ခြင်း။

၈။ ဘုရားဖြစ်လိုသော အားကြီးသော ကုသိုလ်ဆန္ဒ ရှိသူဖြစ်ခြင်း။

(ဤအကြောင်းအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောသူ ဖြစ်မှသာ နိယတဗျာဒိတ်ပန်း ဆင်မြန်းနိုင်သည်။)

**ဆောင်ပုဒ်** - (၁) လူသားအဖြစ်၊ (၂) ယောက်ျားစစ်နှင့်၊ (၃) ဖြစ်နိုင် ရဟန္တာ၊ (၄) ဘုရားဖူးတွေ့၊ (၅) ရသေ့ရဟန်း၊ ဖြစ်ပြီးတန်းမျှ၊ (၆) ရစွမ်းမှန်လတ်၊ သမာပတ်ဘိညာဉ်၊ ဂုဏ်အင်ပြည့်ဘိ၊ (၇) မိမိအသက်၊ မငဲ့ကွက်ငြား၊ ဘုရားလှူနိုင်၊ (၈) ကိုယ်တိုင်သာပင်၊ ချစ်ရှင်ဘုရား၊ ဖြစ်လိုအားမှာ၊ ကြီးမားဆန္ဒ၊ ရှိတုံမှလျှင်၊ ရှစ်ဝစုံလင်၊ ဗျာဒိတ်ဆင်သည်၊ အင်္ဂါက ရှစ်ပါးတည်း။

## တဏှင်္ကရာစသောဘုရားရှင်သုံးဆူတို့ထံ နိယတဗျာဒိတ် မခံယူနိုင်ခြင်း

ဘုရားအလောင်းတော်သည် သုမေဓာရသေ့ဘဝမှစ၍ ဒီပင်္ကရာအစရှိသော နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ထံတွင်သာ နိယတဗျာဒိတ်ပန်း ဆင်မြန်းနိုင်ခဲ့သော်လည်း တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရားသုံးဆူတို့ ပွင့်တော်မူစဉ်က ကိုယ်တိုင်ဖူးတွေ့ရ၍ တရားနာခဲ့ရသော်ငြားလည်း အထက်ပါအကြောင်း အင်္ဂါရှစ်ပါး မပြည့်စုံသေးသဖြင့် နိယတဗျာဒိတ်ပန်းကို ထိုဘုရားသုံးဆူထံမှောက်တွင် မပန်ဆင်နိုင်ခဲ့ချေ။

# အသချိုးလေးမျိုးနှင့် ကမ္ဘာခြောက်မျိုး

**အသချိုးလေးပါး**

၁။ သေလအသချိုး၊
၂။ ဘာသအသချိုး၊
၃။ ဓေယျအသချိုး၊
၄။ ရုစိ အသချိုး လေးပါးတည်း။

**ကမ္ဘာခြောက်မျိုး**

| | | |
|---|---|---|
| ၁။ | ဘုရားတစ်ဆူပွင့်လျှင် | သာရ ကမ္ဘာ |
| ၂။ | ဘုရားနှစ်ဆူပွင့်လျှင် | မဏ္ဍ ကမ္ဘာ |
| ၃။ | ဘုရားသုံးဆူပွင့်လျှင် | ဝရ ကမ္ဘာ |
| ၄။ | ဘုရားလေးဆူပွင့်လျှင် | သာရမဏ္ဍ ကမ္ဘာ |
| ၅။ | ဘုရားငါးဆူပွင့်လျှင် | ဘဒ္ဒ ကမ္ဘာ |

(ဘုရားမပွင့်သောကမ္ဘာသည် သုညကမ္ဘာ မည်၏။)

**ဆောင်ပုဒ်**– သေလ ဘာသ၊ ဓေယျ ရုစိ၊ လေးပါးရှိရှိ၊
မှတ်ဘိအသချိုး။
တစ်ဆူသာရ၊ နှစ်မဏ္ဍ၊ ဝရ သုံးဆူသာ။
သာရမဏ္ဍ၊ လေးဆူပြ၊ ဘဒ္ဒငါးဆူသာ။
တစ်ဆူသော်မျှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ။
ကမ္ဘာခြောက်မျိုး၊ မော်ကွန်းထိုး၊ ကျမ်းရိုးစဉ်အလာ။

## အဘာဗ္ဗဋ္ဌာန ၁၈ ပါး

## နိယတဗျာဒိတ်ရပြီးသောဘုရားအလောင်းတော်တို့ မဖြစ်ရာသော ဆယ့်ရှစ်ဋ္ဌာန လင်္ကာ

နိယတဗျာဒိတ်၊ အောင်တံဆိပ်ကို၊ ခတ်နှိပ်ပြီးပါ၊
အလောင်းလျာတို့၊ အဋ္ဌာရသ၊ အဘာဗ္ဗဟု၊
ဋ္ဌာနဆယ့်ရှစ်၊ မဖြစ်ရာပေ၊ ရေတွက်လေသော်၊
သန္ဓေကန်းသူ၊ နားပင်းသူနှင့်၊ ရူးသူ အသူ၊
ဆွံ့အလူရိုင်း၊ တစ်ပိုင်းကိုမှ၊ ကျွန်မဝမ်းဖွေ၊
ယုတ်ညံ့ပေ၍၊ သန္ဓေမတည်၊ တလီ နိယတ၊
မိစ္ဆာ့အယူ၊ ရှိသူမဖြစ်၊ ယောကျ်ားစစ်က၊
မိမ္မပြောင်းလွဲ၊ မဖြစ်မြဲတည့်၊ ပြစ်စွဲကြီးပြန်၊
အနန္တရိယ၊ ကံငါးဝကို၊ ရှောင်ထအထူး၊
မလွန်ကျူးပါ၊ နူနာရှိသူ၊ မဖြစ်မူဘဲ၊
တိရစ္ဆာန်လည်း၊ ဖြစ်မြဲငယ်နုပ်၊
နံ့စုတ်ငုံးအောက်၊ ထိုနောက်ငယ်စွာ၊ မဖြစ်ပါ၊
ဆာလောင်မွတ်ဘိ၊ ခုပ္ပိပါသိက၊ နိဇ္ဈာမနှင့်၊
ကာဠကဉ္စိကာ၊ ပြိတ္တာ မဖြစ်၊ တွက်စစ်လေဘိ၊
အဝီစိနရက်၊ လောကန္တရက်မှာ၊ မဖြစ်ရာဆူး၊
ကာမာဝစရ၊ နတ်ဋ္ဌာနတွင်၊ ပါဝင်မာရ်နတ်၊

မဖြစ်မှတ်လော့၊ ရပဘုံတွင်၊ အသညသတ်၊
ခေါ်မှတ်ပြဟူ၊ သုဒ္ဓါဝါသ၊ ဘုံငါးဝတည့်၊
အရူပပြဟူ၊ မဖြစ်ပါပြား၊ တစ်ပါးစကြာဝဠာ၊
ပြောင်းကာမဖြစ်၊ ဤဆယ့်ရှစ်သည်၊
တွက်စစ် အဘဗ္ဗဋ္ဌာန တည်း။

**တစ်ဆယ့်ရှစ်ပါးတို့ကား**

၁။ ပဋိသန္ဓေအားဖြင့် သန္ဓေကန်းသူ (ဝမ်းတွင်းကန်းသူ) မဖြစ်ခြင်း။

၂။ ပဋိသန္ဓေအားဖြင့် နားပင်းသူ မဖြစ်ခြင်း။

၃။ ရူးသွပ်သူ မဖြစ်ခြင်း။

၄။ အ သောသူ မဖြစ်ခြင်း။

၅။ ခြေလက်ဆွံ့သူ (လမ်းမသွားနိုင်သူ) မဖြစ်ခြင်း။

၆။ လူရိုင်း မဖြစ်ခြင်း။

၇။ ကျွန်မဝမ်း၌ ပဋိသန္ဓေ မဖြစ်ခြင်း။

၈။ နိယတ မိစ္ဆာဒိဋ္ဌိအယူရှိသူ မဖြစ်ခြင်း။

၉။ လိင်ဖောက်လွဲဖောက်ပြန် မဖြစ်ခြင်း။
(ယောကျာ်းအဖြစ်မှမိန်းမအဖြစ်သို့မပြောင်းဟု ဆိုလိုသည်။)

၁၀။ အနန္တရိယ ကံငါးပါးကိုမကျူးလွန်ခြင်း။

၁၁။ နူနာရောဂါရှိသူ (ကုဋ္ဌရောဂါရှိသူ) မဖြစ်ခြင်း။

၁၂။ တိရစ္ဆာန်ဘဝပင် ဖြစ်ရသော်လည်း ငုံးအောက် (တနည်း - နံ့စုတ်ငှက်အောက်) ငယ်သော တိရစ္ဆာန် မဖြစ်ခြင်း။

၁၃။ ခုပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ကာဠကဉ္စိကာပြိတ္တာ၊ အသုရာတို့၌ မဖြစ်ခြင်း။

၁၄။ အဝီစိငရဲနှင့်လောကန္တရိက်ငရဲတို့၌ မဖြစ်ခြင်း။

၁၅။ ကာမာဝစရနတ်ဘုံတွင် မာရ်နတ် မဖြစ်ခြင်း။

၁၆။ ရူပဝစရဘုံတွင်အသညသတ်ဗြဟ္မာနှင့်သုဒ္ဓါဝါသနတ် မဖြစ်ခြင်း။

၁၇။ အရူပဘုံတို့၌ မဖြစ်ခြင်း။

၁၈။ တစ်ပါးသောစကြာဝဠာတို့၌ပြောင်း၍မဖြစ်ခြင်း။

## ဝေမတ္တတာရှစ်ပါး

ဝေမတ္တ ဟူသည် ဝိမတ္တဟူသော စကားရင်းမှ ဆင်းသက်လာသော ပါဠိစကားဖြစ်သည်။

(ဝိ–ထူးထွေသော၊ မတ္တ– အတိုင်းအရှည်ပမာဏ) ဒီပင်္ကရာ အစရှိသော မြတ်စွာဘုရားတို့သည် တဆူနှင့်တဆူ ဂုဏ်ကျေးဇူးတော်အားဖြင့် တူမျှကြသော်လည်း တဆူနှင့်တဆူ ထူးထွေကွဲပြားနေသော အတိုင်းအရှည် ပမာဏရှစ်ပါး ရှိပေသည်။

ရှစ်ပါးဟူသည်ကား–

၁။ အာယုဝေမတ္တ – အသက်တမ်းမတူခြင်း။

၂။ ပမာဏဝေမတ္တ – အရပ်တော်အနိမ့်အမြင့်မတူခြင်း။

၃။ ကုလဝေမတ္တ – အမျိုးအနွယ်တော် မတူခြင်း။

၄။ ပဓာနဝေမတ္တ – ဒုက္ကရစရိယာကျင့်ရပုံမတူခြင်း။

၅။ ရသ္မိဝေမတ္တ – ရောင်ခြည်တော်ထွက်ပုံမတူခြင်း။

၆။ ယာနဝေမတ္တ – တောထွက်သောအခါစီးနင်းသော
ယာဉ် မတူခြင်း။

၇။ ဗောဓိဝေမတ္တ – ပွင့်ရာဗောဓိပင်မတူခြင်း။

၈။ ပလ္လင်္ကဝေမတ္တ – ပလ္လင်တော်ပမာဏမတူခြင်း။

ဆောင်ပုဒ်–

၁။ ဒီပင်္ကရ၊ ကောဏ္ဍည၊ အနောမဒဿီ၊
မြတ်ပဒုမ၊ ဥတ္တရ၊ အတ္ထ ဓမ္မဒဿီ၊
သိဒ္ဓတ္ထမူ၊ တိဿဟူ၊ ကိုးဆူထွတ်ဘုန်းစည်၊
အာယုတွက်ကိန်း၊ နှစ်တသိန်း၊ မယိမ်းပွင့်ကြပြီ။

၂။ မြတ်မင်္ဂလ၊ သုမန၊ ဓိနသောဘိတာ၊
နာရဒရှင်စော၊ သုမေဓော၊ ဓိနောသုဇိတာ၊
ပိယဒဿီ၊ ဖုဿမည်၊ ရှစ်လီမြတ်ဗုဒ္ဓါ၊
ကျွတ်ဆုငှကြောင်း၊ ပွင့်တုံရောင်း၊ ကိုးသောင်း

သက်တမ်းမှာ။

၃။ ရေဝတဟူ၊ ဝေဿဘူ၊ နှစ်ဆူခြောက်သောင်း မှာ။

၄။ မြတ်ပိပဿီ၊ မြတ်သိခီ၊ ဘုန်းစည်နှစ်ဆူမှာ၊ အနှစ်ရှစ်သောင်း၊ ခုနစ်သောင်း၊ ပွင့်ညှောင်း စဉ်တိုင်းသာ၊
သန် ဂုံ ပ မ၊ လေးဗုဒ္ဓ၊ ဘဒ္ဒကပ်ကမ္ဘာ၊ လေးသောင်းသုံးသောင်း၊ နှစ်သောင်းတလှစ်၊ တရာခေတ်၊ ပွင့်လစ်စဉ်တိုင်းသာ။

**မှတ်ချက်။** သန် =ကကုသန်၊ ဂုံ = ကောဏာဂုံ၊ ပ = ကဿပ၊ မ = ဂေါတမ၊ လေးဆူကိုခေါ်ပါ သည်။

## ဂေါတမဘုရားအလောင်းတော်သည်
## နှစ်ကျိပ်လေးဆူသောဘုရားရှင်တို့အထံ၌
## ဘဝကူချင်းဗျာဒိတ်ခံယူပုံ အကျဉ်းချုပ်လင်္ကာ

ဗျာဒိတ်ခံရာ၊ တို့မြတ်စွာ၊ တူရာဘဝမှတ်ကြပါ–

၁။ ဒီပင်္ကရာ၊ လက်ထက်မှာ၊ သုမေဓာမှာ ရသေ့ပါ။

၂။ နာရဒဗုဒ္ဓ၊ ပွင့်စဉ်က၊ ဇဋိလမှာ ရသေ့ပါ။

၃။ အတ္ထဒဿီ၊ လက်ထက်ဆီ၊ သုသိမမှာ ရသေ့ပါ။

၄။ သိဒ္ဓတ္ထရှင်၊ ပွင့်ပေါ်စဉ်၊ မင်္ဂလမှာ ရသေ့ပါ။

၅။ တိဿရှင်ပ၊ လက်ထက်က၊ သုဇာတမှာ ရသေ့ပါ။
ရသေ့ဖြစ်က၊ ငါးဘဝ၊ နိယတမှာ ဗျာဒိတ်ပါ။

၁။ ကောဏ္ဍညမှီ၊ စကြာလည့်၊ ဝိဇိတာဝီမှာ ရဟန်းပါ။

၂။ မင်္ဂလမုနိ၊ ပွင့်ပေါ်ဘိ၊ သုရုစိမှာ ရဟန်းပါ။

၃။ သုမေဓဗုဒ္ဓ၊ လက်ထက်က၊ ဥတ္တရမှာ ရဟန်းပါ။

၄။ သုဇာတဘဂဝါ၊ ပွင့်သောခါ၊ စကြာမင်းမှာ ရဟန်းပါ။

၅။ ဖုဿရှင်သည်၊ ပွင့်တုန်းဆီ၊ ဝိဇိတာဝီမင်းမှာ ရဟန်းပါ။

၆။ ဝေဿဘူမြတ်၊ ပွင့်ပေါ်လတ်၊ သုဒဿနမှာရဟန်းပါ။

၇။ ကကုသန္ဓ၊ လက်ထက်က၊ ခေမမင်းမှာ ရဟန်းပါ။

၈။ ကောဏာဂမန၊ ပွင့်စဉ်က၊ ပဗ္ဗတမင်းမှာ ရဟန်းပါ။

၉။ ကဿပမုနိ၊ လက်ထက်ကြည့်၊ ဓောတိပါလမှာ
ရဟန်းပါ။

ရဟန်းဖြစ်က၊ ကိုးဘဝ၊ နိယတမှာ ဗျာဒိတ်ပါ။

၁။ ရေဝတဗုဒ္ဓ၊ ပွင့်စဉ်က၊ အတိဒေဝမှာ ပုဏ္ဏားပါ။
၂။ သောဘိတဗုဒ္ဓ၊ လက်ထက်က၊ အဇိတမှာပုဏ္ဏားပါ။
၃။ ပဒုမုတ္တရ၊ ပွင့်တုန်းက၊ ဇဋိလမှာ သေဋ္ဌေးပါ။
၄။ ပိယဒဿီပ၊ ပွင့်စဉ်က၊ ကဿပမှာ ပုဏ္ဏားပါ။
၅။ သိဒ္ဓတ္ထဗုဒ္ဓ၊ လက်ထက်က၊ အရိန္ဒမမှာ မင်းရာဇာ။

လူအဖြစ်က၊ ငါးဘဝ၊ နိယတမှာ ဗျာဒိတ်ပါ။

၁။ သုမနဗုဒ္ဓ၊ ပွင့်စဉ်က၊ အတုလမှာ နဂါးပါ။
၂။ ဝိပဿီဗုဒ္ဓ၊ ပွင့်စဉ်က၊ အတုလမှာ နဂါးပါ။

နဂါးဖြစ်က၊ နှစ်ဘဝ၊ နိယတမှာ ဗျာဒိတ်ပါ။

၁။ ဓမ္မဒဿီဘုရား၊ ပွင့်ပေါ်ကြား၊ သိကြားမင်းက
တစ်ဘဝ။
၂။ အနောမဒဿီ၊ ပွင့်တုန်းဆီ၊ တစ်မည်မှတ်ကြ၊
ဘီလူးဘဝ။
၃။ ပဒုမသခင်၊ လက်ထက်တွင်၊ ခြင်္သေ့မင်းက
တစ်ဘဝ။

တစ်မျိုးစီပ၊ ထိုဘဝ၊ နိယတ ပ၊ ဗျာဒိတ်ရ။

**ဆောင်ပုဒ်**– ရသေ့ငါးခါ၊ ရဟန်းမှာကိုး၊ လူမျိုးငါးပါး၊ နှစ်နဂါးတည့်၊ သိကြား ဘီလူး၊ ခြသေ့်ထူးစွ၊ တစ်စီပ၊ ဘဝနှစ်ဆယ့်လေး။

## ကြည့်ခြင်းကြီးငါးပါး

၁။ **ကာလ (အခါကာလ)**။ လူတို့၏အသက်တမ်း အနှစ်တစ်သိန်းမှအောက် အနှစ်တစ်ရာအထက်၌သာ ဖြစ်နိုင်သောအခါကာလကိုကြည့်ခြင်း။

၂။ **ဒီပ (ကျွန်း)**။ ကျွန်းကြီးငါးကျွန်းတွင် ဇမ္ဗူဒီပခေါ် တောင်ကျွန်း၌သာ ဘုရားပွင့်ရိုးရှိသည် ကို ကြည့်ခြင်း။

၃။ **ဒေသ (အရပ်)**။ တောင်ကျွန်းတွင်လည်း မဇ္ဈိမဒေသ၌သာ ဘုရားပွင့်ရိုးရှိသည်ကို ကြည့်ခြင်း။

၄။ **ကုလ (အမျိုး)**။ မဇ္ဈိမဒေသတွင်လည်း မင်းမျိုးနှင့် ဗြာဟ္မဏပုဏ္ဏားမျိုးတို့၌သာ ဘုရားပွင့်ရိုးရှိသည်ကို ကြည့်ခြင်း။

၅။ **မာတုအာယုပရိစ္ဆေဒ (မယ်တော် အသက်အပိုင်းအခြား)**။ မယ်တော်ဖြစ်မည့်သူလည်းသီလစင်ကြယ်သူဖြစ်၍ဖွားမြင်ပြီးနောက်အသက်ကြွင်းကိုလည်း ကြည့်ရခြင်း။

ဆောင်ပုဒ်- (၁) ဘုရားဖြစ်ခါ၊ (၂) အခါကိုကြည့်၊ (၃) ကျွန်းကိုကြည့်နှင့်၊ (၄) အမျိုးဇာတ်နှင့်၊ (၅) မယ်တော်အသက် ပိုင်းခြားလျက်၊ ငါးချက်ကြည့်တော်မူ။

## လူသာမန်တို့မသိနိုင်သောအရာသုံးပါး

၁။ အမိဝမ်းသို့သက်ဝင်သောအခါကိုလည်း မသိနိုင်ကုန်။

၂။ အမိဝမ်း၌တည်နေရသောအခါကိုလည်း မသိနိုင်ကုန်။

၃။ အမိဝမ်းမှ ဖွားမြင်သောအခါကိုလည်း မသိနိုင်ကုန်။

ဆောင်ပုဒ်- မိဝမ်းဝင်ပေ၊ သန္ဓေတည်ခြင်း၊ ဖွားမြင်ခြင်းအား၊ ဤသုံးပါး၊ လူများမသိနိုင်။

## ဘုရားအလောင်းတော် သန္ဓေယူစဉ် ပုဗ္ဗနိမိတ် (၃၂) ပါးထင်ပုံလင်္ကာ

၁။ မြေရေအပေါင်း၊ ငြိမ့်ငြိမ့်ခြောင်းမျှ
သောင်းလောကဓာတ်၊ အထပ်ထပ်သာ၊
ဆတ်ဆတ်ခါပ၊ တုန်လှုပ်ရ၏။

၂။ နှစ်ဝဥတု၊ ပူချမ်းမှုမှာ၊ နှစ်ခုမရှိ၊ ညီမျှဘိ၏။

၃။ သောင်းရှိလောကဓာတ်၊ အသံရပ်ခါ၊ ဆိတ်ညံ့ပါ၏။

၄။ မလာလေပြင်း၊ မုန်တိုင်းကင်းသေ၊ လေပြည်ပြည်
သာ၊ တိုက်ခတ်လာ၏။
၅။ ဂင်္ဂါမြစ်တွင်း၊ မြစ်များအတွင်း၊ ရေစီးခြင်းရပ်။
၆။ ပန်းမြက်သစ်ပင်၊ မြေအပြင်တွင်၊ မြင်မြင်သမျှ၊
ပွင့်သီးကြ၏။
၇။ အာကာသဌ၊ ကောင်းကင်ဝဋ္ဋ၊ တည်ကြများစွာ၊
ရတနာတို့၊ ရောင်ဝါထွန်းပ၊ ထွက်ရှိကြ၏။
၈။ ဒေဝနတ်ပြည်၊ လူတို့ပြည်မှာ၊ စောင်းစည်းပတ်
သာ၊ တူရိယာတို့၊ ဘာသာမည်ကြ။
၉။ နတ်ပြည်မှသာ၊ နတ်တို့ရွာက၊ နံ့သာပန်းမိုး၊
ရွာသွန်းဖြိုး၏။
၁၀။ ရိုက်ကျိုးမြည်ဟည်း၊ ပုံတင်လည်းလျက်၊ စကြာ
ဝဠာ၊ အာကာမြေပြင်၊ မကြွင်းထင်၏။
၁၁။ ရှစ်ခွင်တည်တုံ၊ ငရဲဘုံ၌၊ မီးပူဟုန်မှာ၊ ငြိမ်းအေး
ပါ၏။
၁၂။ တစ်ဖြာမြူတိမ်၊ သူရိန်မီးခိုး၊ မိုးလည်းကင်းလျက်၊
နေမင်းအရောင်၊ ထွန်းလင်းပြောင်၏။
၁၃။ ကြယ်ဘောင်သတ်မှတ်၊ နက္ခတ်တာရာ၊ ပေါင်း
များစွာကို၊ ညအခါသို့၊ နေ့မှာမြင်ရ။
၁၄။ မြေကညစ်ကြေး၊ ရေဖြင့်ဆေးသို့၊ မိုးဖွေးမရွာ၊

ရေသာလာ၍၊ များစွာဖြိုင်ဖြိုင်၊ စီးထွေလှိုင်၏။
၁၅။ အပြိုင်ဆိုင်ပ၊ ကောင်းကင်ဝဠ်၌၊ ရှိကြများစွာ၊ ကြယ်တာရာနှင့်၊ သောကြာ ဗုဒ္ဓဟူး၊ ဂြိုဟ်အထူးတို့၊ လွန်ကျူးရောင်ဝါ၊ ထွန်းလင်းသာ၏။
၁၆။ တစ်ဖြာထိုမှ၊ သတ္တမီသ၊ နက္ခတ္တတို့၊ ပြတ်ပြတ်ထင်စွာ၊ မြင်ရပါ၏။
၁၇။ စန္ဒာလမင်း၊ တူရှင်းပြိုင်ကာ၊ ဝိသာခါနှင့်၊ ယှဉ်လာမယွင်း၊ အရောင်လင်း၏။
၁၈။ တွင်းမှာနေလျောင်း၊ မြေအောင်းသတ္တဝါ၊ ထွက်ပေါ်လာကြ။
၁၉။ သဗ္ဗဇနာ၊ လူများစွာဝယ်၊ ရောင့်ရဲလွယ်၏။
၂၀။ ကိုးဆယ်ခြောက်ဖြာ၊ ဝေဒနာတို့၊ သွေကာကင်းပ၊ ကျန်းမာကြကာ၊
၂၁။ ဆာလောင်မွတ်သိပ်၊ ကင်းလွန်ဆိတ်၏။
၂၂။ ပြိတ္တာများစွာ၊ ဝပြောပါ၏။
၂၃။ လောဘ ဒေါသ၊ မာနထန်သူ၊ မရှိမူဘဲ၊ အလွန်နည်း၏။
၂၄။ ဖြစ်မြဲစံရ၊ ပါယ်လေးဝဠ်၌၊ ပဋ္ဌဝိသ၊ ဘယကင်းပေ။
၂၅။ ရေမှုန်မြူညက်၊ အပေါ်ထက်သို့၊ လွင့်တက်ကင်းကွာ၊ စင်ကြယ်ပါ၏။

၂၆။ မှတ်ပါတအံ့၊ ရန့်မကောင်း၊
ပျောက်ပြယ်ကြောင်းမှတ်။

၂၇။ နတ်၏ရန့်၊ မွေးကြိုင်ပျံ့၏။

၂၈။ တစ်ကန့်မှတ်ဘိ၊ နာမ်ရှိလေးရပ်၊ ချန်ထားလတ်၍၊ နတ်ပြဟ္မာဘုံ၊ အကုန်မြင်ရ။

၂၉။ ရှစ်ဝငရဲ၊ ခံမြဲသတ္တဝါ၊ ကုန်မြင်ပါ၏။

၃၀။ အကာတံခါး၊ တိုက်တောင်များနှင့်၊ တိမ်များနံရံ၊ အမှန်တကယ်၊ မကွယ်မကွာ၊ ဟင်းလင်းသာတည့်။

၃၁။ သတ္တဝါတို့၊ ခန္ဓာပျက်ကြွေ၊ သေလွန်မရှိ။

၃၂။ ပဋိသန္ဓေ၊ မနေထိုစဉ်၊ ဖွားမြင်မရှိ၊
တင်ကုန်ဘိသည်၊ ဖြစ်၏ ပုဗ္ဗ နိမိတ်တည်း။

## ဖွားဖက်တော်ခုနစ်ပါး

၁။ ညီတော်အာနန္ဒာ
၂။ ဗောဓိပင်
၃။ ကာဠုဒါယီအမတ်
၄။ ယသော်ဓရာမိဖုရား
၅။ ဆန္နအမတ်
၆။ ရွှေအိုးကြီးလေးလုံး
၇။ ကဏ္ဍကမြင်း

ဆောင်ပုဒ်– အာ ဗော ကာ ယ၊ ဆန် ရွှေ ကဏ်၊
ဖွားဖက် ခုနစ်တန်။

## အလောင်းတော်မြတ်စံမြန်းသော ရွှေနန်းတော်သုံးဆောင်

၁။ ဆောင်းရာသီပ၊ စံနန်းက၊ ရမ္မာ ဘုံကိုးဆင့်။
၂။ နွေရာသီက၊ သုရမ္မ၊ စံရ ဘုံငါးဆင့်။
၃။ မိုးရာသီကျ၊ နန်း သုဘ၊ ဘုံကခုနစ်ဆင့်။

## ဇုဋ္ဌာမဏိစေတီတော်

ဘုရားအလောင်းတော်သည် မကိုဋ်မှင့်တကွ ဆံတော်ကို ပယ်ဖြတ်၍

" ငါသည်ဘုရားဖြစ်မည်မှန်ပါက ဤဆံထုံးတော်သည် ကောင်းကင်ထက်၌ တည်စေသတည်း၊ အကယ်၍ ဘုရား မဖြစ်ငြားအံ့၊ မြေ၌ ကျပါစေသတည်း"

ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ မြှောက်တင်လိုက်ရာ တစ်ယူဇနာတိုင် တက်၍ ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်နေသည်ကို သိကြားမင်းက ရွှေပန်းတောင်းဖြင့် ခံယူကာ တာဝတိံသာနတ်ပြည်၌ " ဇုဋ္ဌာမဏိစေတီတော် " တည်ထား၍ ကိုးကွယ်လေသည်။

## စူဠာမဏိစေတီတော် လင်္ကာ

၁။ သိဒ္ဓတ်မင်းသား၊ ဆံတော်များ၊ သိကြားဆောင်ယူ ကာ။

၂။ တာဝတိံသာ၊ နတ်တို့ရွာ၊ စေတီတည်ထားပါ။

၃။ သုံးယူဇနာ၊ မြင့်ပေတာ၊ ရတနာစီခြယ်ရှာ။

၄။ စူဠာမဏိ၊ ခေါ်တွင်ဘိ၊ ရှိ၏နတ်ပြည်မှာ။

## ဒုဿစေတီတော်

ဘုရားအလောင်းတော်သည် ရဟန်းပြု၍ ဝတ်လဲတော်တစုံကိုလည်း အထက်ကောင်းကင်သို့ ပစ်မြှောက်လိုက်ရာ ဃဋိကာရဗြဟ္မာကြီးသည် (အကနိဋ္ဌ) ဗြဟ္မာပြည်သို့ ယူဆောင်၍ တစ်ဆယ့်နှစ် ယူဇနာရှိသော ဒုဿစေတီတော် တည်ထား ကိုးကွယ်လေသည်။

## ဒုဿစေတီတော်လင်္ကာ

၁။ ဃဋိကာရ၊ ဗြဟ္မာက၊ သိဒ္ဓတ်ဝတ်လဲလွှာ။

၂။ ဗြဟ္မာပြည်ရွာ၊ ဆောင်ယူကာ၊ စေတီတည်ထားပါ။

၃။ ဆယ့်နှစ်ယူဇနာ၊ ရှိပေတာ၊ ရတနာမျိုးစုံစွာ။

၄။ ဒုဿစေတီ၊ ခေါ်တွင်သည်၊ အမည်ထင်ရှားပါ။

# ဘုရားအလောင်းတော်၏ အိပ်မက်ကြီးငါးပါး လင်္ကာ

၁။ မြေပြင် အိပ်ရာ၊ ဟိမဝန္တာ ခေါင်းအုံး၊ ခြေဆုံး လက်တင်၊ သမုဒ္ဒရာပြင်၊ တင်ရ မြင်မက်သည်။

၂။ ဝင်ရိုးပမာ၊ သန္တာနီဆင်း၊ ချက်ဖောက်ထွင်းမြတ်၊ ကောင်းကင်ထက်၊ ဆက်၍မြင်မက်သည်။

၃။ ပိုးကောင် ဖြူ သစ်၊ ဒူး ပုဆစ်အုပ်၊ မြုပ်အောင် တက်သည်၊ မြားမြောင်ပြီ၊ တစ်လီ မြင်မက်သည်။

၄။ ခြေတော်ရင်းသို့၊ အဆင်းစုံစွာ၊ ရောက်လာငှက် များ၊ အားလုံးဖြူသာ၊ ဖြစ်ကုန်ပါ၊ မှန်စွာ မြင် မက်သည်။

၅။ မစင်တောင်ပေါ်၊ ကြွသော်စင်္ကြံ၊ ပေကျံလူးလဲ၊ မရှိဘဲသာ၊ ကြွနိုင်ပါ၊ ကောင်းစွာ မြင်မက်သည်။ အိပ်မက်ငါးပါး၊ မြင်မက်ငြား၍၊ ဘုရားဧကန်၊ အမှန်မုချ၊ ငါဖြစ်ရမည်၊ စိတ်တော်ရည်၊ ယုံကြည် အားတက်သည်။

## အိပ်မက်ကြီးငါးပါး မြင်မက်ခြင်း၏
## အစဉ်အတိုင်း အကျိုးတရားများလင်္ကာ

၁။ သဗ္ဗဉ်ရွှေဉာဏ်၊ ရဖို့ရန်၊ ဧကန် ဖြစ်ပေသည်။
၂။ မဂ္ဂင်ရှစ်ပါး၊ လူနတ်အား၊ ဟောကြားဖို့ရန်
ဖြစ်ပေသည်။
၃။ စင်ကြယ်ဝတ်ဖြူ၊ ဝတ်သည့်လူပေါင်း၊
ဆည်းကပ်ကြောင်း၊ ကောင်းစွာ ဖြစ်ပေသည်။
၄။ အမျိုးလေးပါး၊ ရဟန်းများကို၊ အရဟတ္တဖိုလ်၊
ရောက်ရန်ကို ကြိုတင်သိစေသည်။
၅။ ပစ္စည်းလေးပါး၊ တွယ်တာကင်းပြန်၊ သုံးဆောင်ရန်
အမှန် ဖြစ်ပေသည်။

အိပ်မက်ငါးပါး၊ ကျိုးတရား၊ မမှား သိမြင်သည်။

## ဘုရားဖြစ်ပြီးစံတော်မူသည့်
## သတ္တဋ္ဌာနခုနစ်ပါးလင်္ကာ

၁။ ပလ္လင်ထက်တွင်၊ ခုနစ်ရက်ပင်၊ ဖိုလ်ဝင်စား၍
စံနေသည်။
၂။ မမှိတ်မျက်စိ၊ ခုနစ်ရက်ထိ၊ ပလ္လင်ကြည့်၍
စံနေသည်။

၃။ စကြံလှမ်းကြွ၊ ခုနစ်ရက်ပ၊ ဖလဝင်လျက် စံနေသည်။

၄။ ရတနာအိမ်မှာ၊ ခုနစ်ရက်သာ၊ အဘိဓမ္မာ ဆင်ခြင်၊ စံနေသည်။

၅။ ဆိတ်ကျောင်းညောင်တွင်၊ ခုနစ်ရက်ပင်၊ သမာ ပတ်ဝင်ကာ စံနေသည်။

၆။ ကျည်းပင်ရင်းရပ်၊ ခုနစ်ရက်ထပ်၊ သမာပတ် ဝင်ကာ စံနေသည်။

၇။ လင်းလွန်းပင်မှာ၊ ခုနစ်ရက်သာ၊ သမာပတ် ဝင်ကာ စံနေသည်။

လေးဆယ့်ကိုးရက်၊ ပေါင်းရေတွက်၊ ခုနစ်ရက်ခုနစ်လီ၊ အာရုံပြုကာ၊ ရှိခိုးပါ၊ လွန်စွာ ကြည်နူးသည်။

## ဘုရားအဆူဆူတို့မစွန့်အပ်သော
## အ ဝိဇဟိတအရပ်လေးပါး ဆောင်ပုဒ်

ဗောဓိပင်မြတ်၊ ပေါက်လတ်နေရာ၊ စကြာတရား ဟောကြားနေရာ၊ မြတ်စွာညောင်စောင်း၊ လေးချောင်း ခြေရာ၊ လကျ်ာခြေချ၊ သင်္ကဿတည့်၊ ဌာနလေးပါး၊ မစွန့်ငြားသည်၊ ဘုရားရှင်တိုင်း မှတ်ပါကြ။

## သံဝေဇနီယ သံဝေဂ ရယူစေထိုက်သော သံဝေဇနီယလေးဌာန ဆောင်ပုဒ်

ဖွားမြင်ရာဌာန၊ ဗုဒ္ဓဖြစ်ရာ၊ ဟောရာတရား၊
စံပြေးနိဗ္ဗာန်၊ ဤလေးတန်၊ ယူရန်သံဝေဂ၊
သံဝေဂဉာဏ်၊ ဖြစ်ပွားပြန်၊ ဧကန် ကုသိုလ်ရ။

၁။ ဖွားမြင်ရာဌာန – လုမ္ဗိနီဥယျာဉ်
၂။ ဘုရားဖြစ်ရာဌာန – ဗုဒ္ဓဂယာ
၃။ တရားဦးဟောရာဌာန – မိဂဒါဝုန်တော
၄။ ပရိနိဗ္ဗာန်စံဝင်ရာဌာန – ကုသိနာရုံပြည် အင်ကြင်းတော

**ကျမ်းကိုးမှတ်ချက်–**

ဂေါတမ ဘုရားအလောင်းတော်သည် ပွင့်တော်မူပြီးသောဘုရားရှင်နှစ်ကျိပ်ခုနစ်ဆူအနက် တဏှင်္ကရာ၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရား သုံးဆူတို့ ပွင့်တော်မူ၍ ကိုယ်တိုင်ဖူးတွေ့ရပြီးတရားနာခဲ့ရသော်လည်း ဗျာဒိတ်ခံယူရန် အင်္ဂါရှစ်တန်မပြည့်စုံ၍ နှစ်ကျိပ်လေးဆူသောဘုရားရှင်တို့ထံမှ နိယတဗျာဒိတ်ခံယူပုံ အကျဉ်းချုပ် စာသား၊ လင်္ကာမှစ၍ မြတ်စွာဘုရားပွင့်ပြီးလျှင် စံတော်မူသည့် သတ္တဌာနခုနစ်ပါး၊ မစွန့်အပ်သောအရပ်

ကို ရန်ကုန်တိုင်း၊ သင်္ကန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ မဟာသိပ္ပံပရိယတ္တိစာသင်တိုက်၊ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သီရိဓမ္မသာသနဓဇ သီရိပဝရ ဓမ္မစရိယ ရေးသားပြုစုတော်မူသော **ဗုဒ္ဓဉာဏာဒိ ပကာသနီကျမ်း** မှထုတ်နှုတ်ပြုစုပူဇော်ခွင့်ကို ၁၃၆၀ ပြည့်၊ နတ်တော်လဆန်း (၁) ရက်၊ (၁၉–၁၁–၉၈) နေ့တွင် ကိုယ်တိုင်သွားရောက်လျှောက်ထား ခွင့်ပြုသဖြင့် အဆိုပါကျမ်းမှ ထုတ်နှုတ်ခြင်း ဖြစ်ပါသည်။

# ဗုဒ္ဓဂုဏ်တော်နှင့် ဗုဒ္ဓဝင်အကျဉ်းလင်္ကာ

(မနောမယိဒ္ဓိ ဘာဝနာတရားစာအုပ်မှ)

၁။ အို ဘာသာဝင်၊ သူတော်စင်တို့၊ နေ့စဉ်နေ့တိုင်း၊
နံနက်ပိုင်းနှင့်၊ ညပိုင်းအခါ၊ စောသတ္တာ၏၊
များစွာဂုဏ်စု၊ အာရုံပြုလော့၊ လူမှုကိစ္စ၊
ဆောင်ရွက်ကြလည်း၊ ဗုဒ္ဓစောမြတ်၊ မနောဓါတ်၌၊
မပြတ်မှီကာ၊ ရပ်တည်လာသို့၊ မေတ္တာနှလုံး၊
သစ္စာသုံး၍၊ ရွှင်ပြုံးအေးမြ၊ ပြုလုပ်ကြလော့၊
သို့မှဘေးဒဏ်၊ တွင်းပြင်ရန်ကို၊ အမှန်ကိုယ်က၊
အောင်နိုင်ရလျက်၊ ဘဝတလျှောက်၊
ကြံတိုင်းပေါက်သည်၊
ထို့နောက် ဆင့်လို့မြင့်မည်ကို။

၂။ များဝေနေယျ၊ ကိုးကွယ်ကြဖို့၊ ဗုဒ္ဓတစ်ဆူ၊
ဖြစ်ဖို့ဟူက၊ အလှူဒါန၊ ကျင့်သီလဖြင့်၊
မရနိုင်ကြောင်း၊ ဆုပန်တောင်းလည်း၊
အကြောင်းမစုံ၊ မဖြစ်တုံဟု၊ အကုန်အစင်၊
သိစေချင်၍၊ ဤတွင်ကာလ၊ ခါသမယနှင့်၊
ဒါနစသည်၊ ပါရမီဟု၊ ဆယ်လီသုံးဆယ်၊
ပြားပုံခြယ်သည်၊ ကိုးကွယ်သူတို့ မှတ်ဖွယ်ကို။

၃။ သုမေဓာခေါ်၊ အလောင်းတော်သည်၊
ထိုရော်ကာလ၊ ခါသမယ၌၊ ဘုရားတံဆိပ်၊
မိန့်ဗျာဒိတ်ကို၊ ဦးထိပ်ပန်ဆင်၊ တင်ပလ္လင်ဖြင့်၊
ဖွဲ့တင်ကျန၊ ထိုင်ပြီးမှလျှင်၊ ဗုဒ္ဓဖြစ်ကြောင်း၊
တရားကောင်းကို၊ စုပေါင်းဆင်ခြင်၊
စုံအောင်မြင်သော်၊ ဉာဏ်စဉ်ထက်မြက်၊
စွမ်းအတွက်ကြောင့်၊ ဘဝင်ခိုက်ကြုံ၊
ငလျင်တုံသည်၊ မြေခုံငြိမ့်ငြိမ့် တသိမ့်သိမ့်။

၄။ လေးသင်္ချေကိန်း၊ ကပ်တသိန်းမျှ၊ ထိန်းသိမ်းရသား၊
ပါရမီများကို၊ ဘုရားအလောင်း၊ ဘဝပေါင်း၌၊
အကြောင်းတိုက်ဆုံ၊ ဖြည့်ကျင့်ပုံဝယ်၊
အကုန်မကျန်၊ မသိမှန်လည်း၊ သိတန်သမျှ၊
ကြည်ညိုရ၍၊ ဗုဒ္ဓစောမြတ်၊ မနောဓာတ်၌၊
မပြတ်ရှိအောင်၊ သတိဆောင်လျှင်၊
ခု နှောင် သင်တို့ ဘေးကင်းဖို့။

၅။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊
နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊
ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊
ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊
နတ်လူငြိမ်းဖို့ ကိန်းပါကို့။

၆။ သန္တေယျာခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊
ခြောက်ဆယ့်ရှစ်ကြဲ၊ ကဆုန်လပြည့်၊
သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ၊
မဟီလိုက်ဆူ၊ ဖွားတော်မူ၍၊ ရွယ်မူပျိုမြစ်၊
ဆယ့်ခြောက်နှစ်သော်၊ နန်းသစ်ထီးဖြူ၊
ဆောင်းတော်မူသည်၊ နန်းသူဆွေတို့ ချမ်းသာဖို့။
၇။ နန်းသစ်ထီးဖြူ၊ ဆောင်းတော်မူ၍၊ ရွယ်မူနုဖြိုး၊
နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊
ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊
ပင်စုံမြိုင်ရိပ် ခန်းမှာကို။
၈။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊
ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊
မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊
ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊
ရန်သူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊
အလင်းရောက်က၊ ထွန်းတောက်ဘုန်းမော်၊
သောင်းလုံးကျော်သည်၊
သုံးဖော်လူတို့ ငြိမ်းဖွယ်ကို။
၉။ ဘုရားဖြစ်ကာ၊ မိဂဒါသို့၊ စကြာရွှေဘွား၊

ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီဖြင့်၊
မဟီတသောင်း၊ တိုက်အပေါင်းမှ၊
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊
စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊
တရားနတ်စည် ရွှမ်းတယ်ကို့။
၁၀။ အနန္တစုံ၊ တန်ခိုးဟုန်နှင့်၊ ကိုးဂုဏ်ရောင်ဆိုင်၊
ဘဝဂ်တိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊
မြတ်ဘုရား၏၊ တရားလေးတန်၊ သစ္စာမှန်ကို၊
နာခံပြီးလစ်၊ ဆင်းရဲဖြစ်ဖို့၊ အသစ်တဏှာ၊
မဖြစ်သာအောင်၊ ရှစ်ဖြာမဂ္ဂင်၊ သင်္ဘောယာဉ်ဖြင့်၊
ပြည်ခွင်နိဗ္ဗာန်၊ ရောက်အောင်ဆန်မှ၊ ဧကန်ဒုက္ခ၊
ကင်းကြရမည်၊ မုချငါတို့ ကျင့်ဖွယ်ကို့။
၁၁။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊
သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊
ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါတို့၊
ခေမာအောင်မြို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊
ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊
နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာရုံ၊

အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊
ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊
ဝှန်ဆူသောင်းလုံး ကျော်တယ်ကို့။

၁၂။ နိဗ္ဗူစံပြီ၊ ရှုမအိသား၊ သင်္ဂီရွှေလော့်၊
အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြံ၍၊
ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တောဓော့လျှင်၊
ရှင်စောညာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊
လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊
မွေတော်ရှစ်စိတ် ကြွင်းတယ်ကို့။

၁၃။ ဓာတ်အမွေတော်၊ ကြွင်းပါသော်လည်း၊
ချွတ်ချော်သာသနာ၊ နှောင်သောခါဝယ်၊
ရောင်ဝါပျောက်ကြွေ၊ ကွယ်ပချေသော်၊
ထွေထွေရပ်နယ်၊ ဓာတ်သွယ်သွယ်လည်း၊
ကိုးကွယ်ကြမည့်၊ လူမရှိ၍၊ ဗောဓိပင်မှာ၊
စုပေါင်းကာဖြင့်၊ ရောင်ဝါလွှတ်ပြီး၊ ရွှေတုံးကြီးသို့၊
ဓာတ်မီးလောင်တောက်၊ ကုန်ဆုံးပျောက်က၊
လာရောက်ကြရာ၊ နတ်ဗြဟ္မာတို့၊ သာသနာဗုဒ္ဓ၊
ယခုမှပင်၊ မုချအတည်၊ ကွယ်ရပြီဟု၊ ငိုမြည်တမ်းတ၊
သံဝေဂဖြင့်၊ မရယူကျုံး၊ ကိုယ်စိတ်ချုံးသည်၊
နောက်ဆုံး သာသနာ ပွဲတော် ဘုရား။

# ဗုဒ္ဓဝင်အကျဉ်းချုပ်ကဗျာများ

(မြစ်သားမြို့၊ မင်းကျောင်း အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တ ဦးဝေဠုရိယ ရေးသည်)

## သုမေဓာ ရှင်ရသေ့ဘဝနှင့်စပ်သောကဗျာ

၁။ အမရဝတီ၊ တိုင်းပြည်ကြီးက၊ သေဌေးသားကြီး
သုမေဓာ။

၂။ မိဘဘိုးဘွား၊ ဆွေမျိုးများမှာ၊ ပစ္စည်းများသာ
စုသွားရှာ။

၃။ ကိုယ့်နောက်ပါအောင်၊ ပစ္စည်းများကို၊ ယူဆောင်
၍ကား မသွားပါ။

၄။ သူများစုထား၊ ပစ္စည်းများကို၊ ငါကားယခု ယူသွားမှာ။

၅။ လိုချင်ကြသူ၊ လာယူကြဖို့၊ အကုန်ဖွင့်လို့ လှူခဲ့ပါ။

၆။ ရသေ့ဝတ်ကာ၊ တောမြိုင်ထဲမှာ၊ သုမေဓာကား
ပျော်နေပါ။

၇။ ဒီပင်္ကရာမြတ်စွာဘုရားထံ၊ ဗျာဒိတ်တော်များခံယူပါ။

၈။ ဘုရားဖြစ်ရန်၊ ဗျာဒိတ်များကို၊ နာကြားပြီးတဲ့
နောက်ပိုင်းမှာ။

၉။ သက်သက်သာသာ၊ စားခါသွားလို့၊ ဘုရားဖြစ်ဖို့
မလွယ်ပါ။

၁၀။ အဲဒါကြောင့်၊ ပါရမီဆယ်ပါး၊ အကျင့်များ၊
ငါကားကျင့်မှ သင့်မည်သာ။

## ဘုရားအလောင်းတော် ဗျာဒိတ်ခံယူပြီး ကြုံးဝါးချက်သုံးမျိုး ကဗျာ

၁။ ငါသိသလိုကား၊ သတ္တဝါများ၊ မခြား သိစေမည်။
၂။ ငါလွတ်သလိုကား၊ သတ္တဝါများ၊ မခြားလွတ်စေမည်။
၃။ သံသရာတလျှောက်၊ ငါကူးမြောက်ပြား၊
သတ္တဝါများ၊ မခြား ကူးမြောက်စေရမည်။

## ဂေါတမဘုရားအလောင်းတော် ဘုရား ၂၄ ဆူထံ ဗျာဒိတ်ခံယူသောဘဝ သံပေါက်ကဗျာ

၁။ သုမေဓာရသေ့မှန်၊ ဒီပင်္ကရာဘုရားထံ၊ ဗျာဒိတ်ခံ။
၂။ ဝိဇိတာဝီစကြာမင်းမှန်၊ ကောဏ္ဍညဘုရားထံ၊
ဗျာဒိတ်ခံ။
၃။ သုရုစိပုဏ္ဏားမှန်၊ မင်္ဂလဘုရားထံ၊ ဗျာဒိတ်ခံ။
၄။ အတုလနဂါးမင်းမှန်၊ သုမနဘုရားထံ၊ ဗျာဒိတ်ခံ။
၅။ အတိဒေဝပုဏ္ဏားမှန်၊ ရေဝတဘုရားထံ၊ ဗျာဒိတ်ခံ။
၆။ သုဇာတပုဏ္ဏားမှန်၊ သောဘိတဘုရားထံ၊ ဗျာဒိတ်ခံ။
၇။ ဘီလူးစစ်သူကြီးမှန်၊ အနောမဒဿီဘုရားထံ၊

ဗျာဒိတ်ခံ။

၈။ ခြသေ့်မင်းမှန်၊ ပဒုမဘုရားထံ၊ ဗျာဒိတ်ခံ။

၉။ ရသေ့ဖြစ်ပြန်၊ နာရဒဘုရားထံ၊ ဗျာဒိတ်ခံ။

၁၀။ ဇဋိလတိုင်းကြပ်မင်းမှန်၊ ပဒုမုတ္တရဘုရားထံ၊ ဗျာဒိတ်ခံ။

၁၁။ ဥတ္တရလုလင်မှန်၊ သုမေဓဘုရားထံ၊ ဗျာဒိတ်ခံ။

၁၂။ စကြာမင်းမှန်၊ သုဇာတဘုရားထံ၊ ဗျာဒိတ်ခံ။

၁၃။ ကဿပလုလင်မှန်၊ ပိယဒဿီဘုရားထံ၊ ဗျာဒိတ်ခံ။

၁၄။ သုသီမရသေ့မှန်၊ အတ္ထဒဿီဘုရားထံ၊ ဗျာဒိတ်ခံ။

၁၅။ သိကြားမင်းမှန်၊ ဓမ္မဒဿီဘုရားထံ၊ ဗျာဒိတ်ခံ။

၁၆။ မင်္ဂလရသေ့မှန်၊ သိဒ္ဓတ္ထဘုရားထံ၊ ဗျာဒိတ်ခံ။

၁၇။ သုဇာတရသေ့မှန်၊ တိဿဘုရားထံ၊ ဗျာဒိတ်ခံ။

၁၈။ ဝိဇိတာဝီမင်းမှန်၊ ဖုဿဘုရားထံ၊ ဗျာဒိတ်ခံ။

၁၉။ အတုလနဂါးမင်းမှန်၊ ဝိပဿီဘုရားထံ၊ ဗျာဒိတ်ခံ။

၂၀။ အရိန္ဒမမင်းမှန်၊ သိခီဘုရားထံ၊ ဗျာဒိတ်ခံ။

၂၁။ သုဒဿနမင်းမှန်၊ ဝေဿဘူဘုရားထံ၊ ဗျာဒိတ်ခံ။

၂၂။ ခေမမင်းမှန်၊ ကကုသန္ဓဘုရားထံ၊ ဗျာဒိတ်ခံ။

၂၃။ ပဗ္ဗတမင်းမှန်၊ ကောဏာဂုံဘုရားထံ၊ ဗျာဒိတ်ခံ။

၂၄။ ဇောတိပါလလုလင်မှန်၊ ကဿပဘုရားထံ၊ ဗျာဒိတ်ခံ။

# ပါရမီဆယ်ပါးပြ ကဗျာ

၁။ အလှူပေးထ၊ သီလစောင့်ကာ၊
တောသို့ထွက်ပြီး၊ ဖြည့်ဆည်းပညာ၊
ကြိုးစားလေပြန်၊ သည်းခံလို့သာ၊
မှန်စကား၊ ပြောကြားလေခဲ့ပါ။

၂။ ကောင်းရာကိုမှတ်၊ ဆုံးဖြတ်ပြီးခါ၊
မတိမ်းစေလျက်၊ ဆောင်ရွက်ခဲ့ပါ၊
မေတ္တာတရား၊ ရှေ့ထားလို့သာ၊
လယ်အလတ်၊ စိတ်ဓာတ်ထားခဲ့ပါ။

၃။ ပါရမီဆယ်ပါး၊ ဘုရားလောင်းမှာ၊
သချေ်ာလေးရပ်၊ သိန်းကပ်ကမ္ဘာ၊
ဘဝအများ၊ ကြိုးစားလို့သာ၊
မြတ်ဘုရား၊ ထင်ရှားဖြစ်ခဲ့ပါ။

## ပါရမီဆယ်ပါးဆိုသည်မှာ

| | | |
|---|---|---|
| ၁။ ဝေသန္တရာမင်းလို အလှူပေးခြင်း | – | ဒါနပါရမီ |
| ၂။ အလီနသတ္တုမင်းလို သီလစောင့်ခြင်း | – | သီလပါရမီ |

၃။ အယောဃရမင်းလို
တောထွက်ခြင်း – နေက္ခမ္မပါရမီ

၄။ မဟောသဓာလို
ပညာတတ်ခြင်း – ပညာပါရမီ

၅။ မဟာဇနကမင်းလို
ကြိုးစားခြင်း – ဝီရိယပါရမီ

၆။ ဘုရားလောင်းမျောက်မင်းလို
သည်းခံခြင်း – ခန္တီပါရမီ

၇။ မဟာသုတသောမမင်းလို
မှန်ကန်စွာပြုရန်ပြောခြင်း – သစ္စာပါရမီ

၈။ အလောင်းတော်တေမိမင်းလို
ဆောက်တည်သည့်အတိုင်း
ပြုလုပ်ခြင်း – အဓိဋ္ဌာန်ပါရမီ

၉။ သုဝဏ္ဏသာမလို
မေတ္တာနှင့်နေခြင်း – မေတ္တာပါရမီ

၁၀။ လောမဟံသ လို
အလယ်အလတ်စိတ်ထားခြင်း – ဥပေက္ခာပါရမီ

## ဘုရားအလောင်းတော်၏စရိယာသုံးပါးကဗျာ

၁။ သတ္တဝါများ၊ ဆွေမျိုးများတို့၊ တရားဟောဖို့၊
ကျင့်ခဲ့ပါ။

၂။ ကိုယ်တိုင်ပိုင်းခြား၊ တရားသိလို့၊ ဘုရားဖြစ်ဖို့၊
ကျင့်ခဲ့ပါ။
စရိယာသုံးပါး၊ တို့ဘုရား၊ မမှားကျင့်ခဲ့ပါ။

## စွန့်ခြင်းကြီးငါးပါးကဗျာ

၁။ ထီးနန်းထွေထွေ၊ ရွှေငွေများနှင့်၊ သမီးသားတို့
စွန့်ခဲ့ပါ။

၂။ ဇနီးမယား၊ ချစ်သက်ထားနှင့်၊ ကိုယ်အင်္ဂါများ
စွန့်ခဲ့ပါ။

၃။ အသက်ကိုကား၊ ပဓာနမထားဘဲ၊
အလောင်းတော်များ စွန့်ခဲ့ပါ။

၄။ စွန့်ခြင်းကြီးများ၊ ဤငါးပါး၊
တို့ဘုရား စွန့်ခဲ့ပါ။

(ပါဠိ- ၁။ ဓနပရိစ္စာဂ။ ၂။ ပုတ္တပရိစ္စာဂ။
၃။ ဘရိယပရိစ္စာဂ။ ၄။ အင်္ဂပရိစ္စာဂ။
၅။ ဇီဝိတပရိစ္စာဂ။)

## ဘုရားအလောင်းတော် ကြည့်ခြင်းငါးပါးကဗျာ

၁။ ဘုရားဖြစ်ရာ၊ အခါကိုကြည့်၊ ၂။ ကျွန်းကို ကြည့်နှင့်၊ ၃။ ကြည့်၏အရပ်၊ ၄။ အမျိုးဇာတ်နော်၊ ၅။ မယ်တော်အသက်၊ ပိုင်းခြားလျက်၊ ငါးချက်ကြည့် တော်မူ။

၁။ ဘုရားဖြစ်နိုင်သောအချိန်ကာလ။
၂။ ဘုရားဖြစ်မည့်ကျွန်း။
၃။ ဘုရားပွင့်ရာ မဇ္ဈိမဒေသ။
၄။ ဘုရားဖြစ်မည့်အမျိုး ကုလ။
၅။ မိခင်၏အသက်အပိုင်းအခြား မာတုအာယု ပရိစ္ဆေဒ။

## ဘုရားအလောင်းတော် နိမိတ်ကြီးလေးပါးမြင်ခြင်း

၁။ သူအို၊
၂။ သူနာ၊
၃။ သူသေ၊
၄။ ရဟန်း တို့ဖြစ်သည်။

## သိဒ္ဓတ္ထဘုရားအလောင်းတော် ဖွားမြင်ပြီးပြောသော ကြွေးကြော်ချက်သုံးမျိုး

၁။ အဂ္ဂေါဟ မသ္မိ လောကဿ - ငါသည် လောကတွင်အဦးဆုံးဖြစ်သည်။

၂။ ဇေဋ္ဌောဟ မသ္မိ လောကဿ - ငါသည် လောကတွင်အကြီးအကဲဆုံးဖြစ်သည်။

၃။ သေဋ္ဌောဟ မသ္မိ လောကဿ - ငါသည် လောကတွင်အမြတ်ဆုံးဖြစ်သည်။

## ဘုရားအလောင်းတော် ပဋိသန္ဓေယူပုံ ကဗျာ

၁။ စကြာဝဠာ၊ တိုက်တသောင်း၌၊ နတ်ဗြဟ္မာပေါင်း၊
ညီညီညာညာ။

၂။ အလောင်းတော်နတ်သား၊ ထံတော်ပါးသို့၊
သန္ဓေယူဖို့၊ တောင်းပန်ရာ။

၃။ ခြောက်ဆယ့်ခုနစ်၊ သက္ကရာဇ်တွင်၊
ဝါဆိုလပြည့်၊ ငါးတေးမှာ။

၄။ မယ်တော်မာယာ၊ ဝမ်းကြာတိုက်မှ၊
သန္ဓေယူလို့ ကိန်းဝပ်ရာ။

၅။ အဲဒါကြောင့်၊ လူနတ်အားလုံး၊
ပျော်မဆုံး၊ ရွှင်ပြုံးကြည်ကြည်သာ။

## ၆၈ ခု ကဆုန်လပြည့်၊ သောကြာနေ့
## ဖွားတော်မူ ကဗျာ

၁။ သန္ဓေယူခါ၊ ဆယ်လပြည့်လို့၊
ခြောက်ဆယ့်ရှစ်သို့ ရောက်သောအခါ။
၂။ ကဆုန်လပြည့်၊ သောကြာနေ့ဆီ၊
လုမ္ဗိနီတွင် ဖွားမြင်ရှာ။
၃။ မြေကြီးတုန်ဟီး၊ ကောင်းချီးပေးလို့၊
နတ်များလူတို့ ပျော်ကြရှာ။
၄။ အဲဒါကြောင့် အလောင်းတော်အား၊
လူ နတ်များ ညွှတ်တွား ရှိခိုးပါ။

## ၉၇ ခု ဝါဆိုလပြည့်၊ တနင်္လာနေ့
## တောထွက်ပုံ ကဗျာ

၁။ ဖွားမြင်ပြီးနောက်၊ ဆယ့်ခြောက်နှစ်ဝယ်၊
သုံးသွယ်ရွှေနန်း သိမ်းမြန်းကာ။
၂။ ယသော်ဓရာ၊ မိဖုရားနှင့်၊ ထိမ်းမြန်းလက်ထပ်ပြုခဲ့ပါ။
၃။ ဆယ့်သုံးနှစ်တာ၊ ချိန်ကာလနော်၊
နန်းတော်ကြီးပေါ် ပျော်ခဲ့တာ။
၄။ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးတွင်၊
လေးမျိုးနိမိတ် ပြသောအခါ။

၅။ ယသော်ဓရာထိပ်ထား၊ မိဖုရား၊
သားတော်ရာဟု ဖွားမြင်လာ။
၆။ တောထွက်ဖို့ရာ၊ အလောင်းတော်မြတ်တွင်၊
စိတ်ဘော်ဆုံးဖြတ် ပြုခဲ့ပါ။
၇။ ကိုးဆယ့်ခုနစ်ခု၊ ဝါဆိုပြည့်တွင်၊
တနင်္လာနေ့ တောထွက်ရှာ။
အဲဒါကြောင့် အလောင်းတော်အား၊
လူနတ်များ၊ ညွှတ်တွား ရှိခိုးပါ။

## ၁၀၃ ခု ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်ပုံ ကဗျာ

၁။ ခြောက်နှစ်တိုင်တိုင်၊ တောမြိုင်တွင်းမှာ၊
ဒုက္ကရစရိယ ကျင့်သုံးရှာ။
၂။ တရာ့သုံးခုကြို၊ ကဆုန်ပြည့်တွင်၊
ဗုဒ္ဓဟူးနေ့၊ ရောက်သောအခါ။
၃။ အလောင်းတော်မြတ်ကား၊ ဘုရားဖြစ်လို့၊
ပလ္လင်ထက်သို့ စံမြန်းရှာ။
အဲဒါကြောင့် မြတ်ဘုရားအား၊
နတ်လူများ ညွှတ်တွား ရှိခိုးပါ။

## ၁၀၃ ခု ဝါဆိုလပြည့်၊ စနေနေ့
## ဓမ္မစကြာတရားဟောပုံ ကဗျာ

၁။ ဘုရားရှင်တော်၊ ပွင့်ပေါ်ပြီးလို့၊ မိဂဒါသို့ ကြွချီလာ။
၂။ ပဉ္စဝဂ္ဂီငါးဦး၊ တရားထူးကို၊ ဦးစွာပထမဟောခဲ့ပါ။
၃။ နတ်ပြဟ္မာများ၊ ဝိုင်းရံထား၊ တရားနာကြပျော်ရွှင်စွာ။
၄။ တရားသုံးခု၊ ဝါဆိုပြည့်၊ စနေနေ့တွင်ဟောခဲ့ပါ။
အဲဒါကြောင့် နတ်ပြဟ္မာများ၊ ထံတော်ပါး၊
တရားနာကြပါ။

## ၁၄၈ ခု ကဆုန်လပြည့်၊ အင်္ဂါနေ့
## ပရိနိဗ္ဗာန် စံဝင်ပုံ ကဗျာ

၁။ တရာလေးဆယ်ရှစ်ခု၊ ကဆုန်လပြည့်၊
အင်္ဂါနေ့ကွယ့် ရောက်သောအခါ။
၂။ လေးဆယ့်ငါးဝါ၊ တရားဟော၊
မောရရှာပေါ့၊ တို့ဗုဒ္ဓါ။
၃။ လူနတ်ပြဟ္မာ၊ သတ္တဝါများတို့၊
ခေမာသောင်သို့ ပို့ပြီးခါ။
၄။ ကုသိနာရုံ၊ မလ္လာတိုင်းတွင်၊
အင်ကြင်းပင်တို့ အကြားမှာ။
၅။ ပရိနိဗ္ဗာန်၊ ဝင်စံသွား၊ လူနတ်များတို့ ငိုပွဲပါ။

အဲဒါကြောင့် ရှင်တော်ဘုရား၊
လူနတ်များ၊ ညွှတ်တွား ရှိခိုးပါ။

**၁၄၈ ခု ကဆုန်လဆုတ် ၁၂ ရက်၊ တနင်္ဂနွေနေ့**
**တေဇောဓာတ်လောင်ပုံ ကဗျာ**

၁။ ကဆုန်ဆုတ်ပတ်၊ ဆယ်နှစ်ရက်ပေ၊
တနင်္ဂနွေနေ့ ရောက်သောအခါ။
၂။ ရှင်တော်ဘုရား၊ အလောင်းတော်မြတ်မှာ၊
တေဇောဓာတ်တို့ လောင်ကျွမ်းရှာ။
၃။ မိဋ္ဌာန်တော်မူခြင်း၊ အကြောင်းရင်းပေ၊
မွေတော်ရစ်စိတ် ကြွင်းခဲ့ပါ။
၄။ ဒေါနပုဏ္ဏား၊ ဆရာမြတ်က၊
ဓာတ်တော်ဝေငှ ပေးခဲ့ပါ။
အဲဒါကြောင့် ဓာတ်တော်ကြွင်းငြား၊ မြတ်ဘုရား၊
ညွှတ်တွား ရှိခိုးပါ။
(ဗုဒ္ဓဝင် အကျဉ်းချုပ်ကဗျာ ပြီး၏)

**ကျမ်းကိုး**– ဗုဒ္ဓဝင်အကျဉ်းချုပ်ကဗျာများကို မန္တလေးတိုင်း မြစ်သားမြို့၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ဦးဝေဠုရိယ ရေးသောကဗျာကြေးမုံ စာအုပ်မှထုတ်နှုတ်ပြုစုပူဇော်ပါသည်။ (ရဲဘော်မျိုးညွှန့်)

## ဝါဆိုလပြည့် ဘုရားနေ့

၁။ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ မှတ်စေ့မလွန်၊ ခြောက်ဆယ့်ခွန်တွင်၊ မြတ်မွန်လျောင်းလျှ၊ သန္ဓေ ခ၍၊ မြေမှထင်ရှား၊ တုန်လှုပ်သွားသည်၊ ဘုရား ဖြစ်စဉ် မှတ်ဖွယ်တည်း။

၂။ ဝါဆိုလပြည့်၊ ထိုသည့်နေ့ဝယ်၊ မရွေ့တကယ်၊ ဉယျာဉ်လယ်၌၊ စံပယ်နေစဉ်၊ နတ်ဝတ်ဆင်ရန်၊ မိုးခွင်သိကြား၊ ပြုပေငြားသည်၊ ဘုရားဖြစ်စဉ် မှတ်ဖွယ်တည်း။

၃။ ဝါဆိုလပြည့်၊ ယင်းသည့်နေ့၌၊ မမေ့စေရ၊ မှတ် လိုက်ကြလော့၊ ကိသာဂေါတမီ၊ ပျိုမဒီအား၊ ရွှေ လည်ဆွဲများ၊ ပေးသနားသည်၊ ဘုရားဖြစ်စဉ် မှတ် ဖွယ်တည်း။

၄။ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ စုံစေ့မလွန်၊ ကိုးဆယ့်ခွန်တွင်၊ မြတ်မွန်လောင်းလျာ၊ ပြည်မဟာ ကို၊ စွန့်ခွါလေငြား၊ တောထွက်သွားသည်၊ ဘုရား ဖြစ်စဉ် မှတ်ဖွယ်တည်း။

၅။ ဝါဆိုလပြည့်၊ ထိုသည့်နေ့တွင်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လုံသော်၊ တွေ့ကြုံတခိုက်၊ မာန်နတ်မိုက်က၊ ဆီးတိုက်ပိတ်ငြား၊ အောင်မြင်သွားသည်၊ ဘုရား

ဖြစ်စဉ် မှတ်ဖွယ်တည်း။

၆။ ဝါဆိုလပြည့်၊ စနေနေ့၌၊ မရွေ့ကာလ၊ နေစဉ် စဝယ်၊ ဓမ္မစကြာ၊ ဒေသနာကို၊ သေချာမမှား၊ ဟောဖော်ကြားသည်၊ ဘုရားဖြစ်စဉ် မှတ်ဖွယ်တည်း။

၇။ ဝါဆိုလပြည့်၊ ယင်းသည့်နေ့ဝယ်၊ မရွေ့အညီ၊ ငါးဝဂ္ဂီကို၊ ဦးသည် ကောဏ္ဍည၊ မဂ်ဖိုလ်ရ၍၊ နောက်မှလေးပါး၊ ကျွတ်ကြပြားသည်၊ ဘုရား ဖြစ်စဉ် မှတ်ဖွယ်တည်း။

၈။ ဝါဆိုလပြည့်၊ ရောက်သည့်နေ့ဝယ်၊ တွက်စေ့ ကာလ၊ ခါသမယကား၊ တရာ့တဆယ်၊ ထိုနှစ် ဝယ်၌၊ ပြိုင်ဖွယ်ထင်ရှား၊ ပြာဋိဟာပွားသည်၊ ဘုရား ဖြစ်စဉ် မှတ်ဖွယ်တည်း။

၉။ ဝါဆိုလပြည့်၊ ဘုရားနေ့တွင်၊ ကုန်စေ့အခါ၊ ချိန် ဆည်းဆာဝယ်၊ နတ်ရွာထက်ရပ်၊ ဝတိန်ထပ်မှ၊ မိနတ်မယ်အား၊ ဟောမြွက်ကြားသည်၊ ဘုရား ဖြစ်စဉ် မှတ်ဖွယ်တည်း။ ။

ဦးသိန်းမောင်
တာရားမ ဝန်ထောက်မင်း၊ မေမြို့။

## ဗုဒ္ဓအကြောင်းကောင်းစွာသိမှ ဗုဒ္ဓကိုလည်းကြည်ညိုမည် ဗုဒ္ဓဝင်အကျဉ်း

၁။ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် လွန်လေပြီးသောလေးသင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ သုမေဓာ သေဌေးသား ဖြစ်၏။ အသက် ၁၆ နှစ်အရွယ်တွင် မိဘများကွယ်လွန်၍ စုဆောင်းထားခဲ့သောပစ္စည်းဥစ္စာများကိုကြည့်၍ မိဘများသည်ပစ္စည်းဥစ္စာတို့ကို ရှာဖွေတတ်၏။ သို့သော်သူတို့နှင့်တပါတည်းယူမသွားနိုင်၊ စွန့်လွှတ်ထားခဲ့ရ၏။ ငါမူကား ပစ္စည်းဥစ္စာတို့ကို ငါနှင့်တပါတည်းပါအောင်ယူသွားအံ့ ဟု (ဝိဇ္ဇာ–ပညာ) အသိဖြင့် စည်းစိမ်ဥစ္စာတို့ကို ဂုဏ်ရည်တူများကိုသာ ပေးကမ်းသည်မဟုတ်ဘဲ၊ ဆင်းရဲချမ်းသာ၊ ဒွန်းစဏ္ဍားပါမကျန် စွန့်ကြဲပေးကမ်း၍ ရသေ့ဝတ်ကာ တောသို့ထွက်ခွါပြီး တရားကျင့်ကြံရာ ဈာန်အဘိညာဉ်ငါးပါး ရသည်။ ဒီပင်္ကရာဘုရားထံ အသက်နှင့်ခန္ဓာလှူဒါန်းပြီး ဘုရား ဆုပန်သည်။ ဘုရားက တောင်းသောဆုပြည့်မည်။ ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု ဗျာဒိတ်စကားမြွက်ကြားသည်။

၂။ ဘုရားအလောင်းတော်သည် လေးသင်္ချေနှင့်ကမ္ဘာ တသိန်း ကာလပတ်လုံး ပါရမီဆယ်ပါး၊ အပြားသုံးဆယ် ကို ဖြည့်ကျင့်တော်မူသည်။ (ပါရမီ ၁၀ပါး၊ အပြား ၃၀ ကို ဤနေရာတွင် ဖော်ပြခြင်းမပြုတော့ပါ။ ရှေ့ အခန်းများတွင် ပြည့်စုံစွာ ဖော်ပြထားသည်။)

၃။ စရိယာသုံးပါးခေါ် ရည်မှန်းချက်ကြီးသုံးရပ်ကို ဦးထိပ်ထားသော ကျင့်စဉ်သုံးပါးဖြင့် ပါရမီဖြည့်တော် မူသည်မှာ–

(က) လောကလူသား၊ ကမ္ဘာသူကမ္ဘာသား၊ သတ္တဝါ အများ ကောင်းစားချမ်းသာရေးကျင့်စဉ်။

(ခ) မိမိအမျိုးအနွယ်နှင့်မိမိလူမျိုး ကောင်းစား ချမ်းသာရေးကျင့်စဉ်။

(ဂ) သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုဘုရားဖြစ်ရေး ကျင့်စဉ်။

၄။ စွန့်ခြင်းကြီးငါးပါးကို ဖြည့်ကျင့်၍ ပါရမီဖြည့်ရ၏–

(က) မင်းစည်းစိမ်၊ သဌေးစည်းစိမ်ကိုစွန့်ခြင်း။

(ခ) သားသမီးများကိုစွန့်ခြင်း။

(ဂ) မယားကိုစွန့်ခြင်း။

(ဃ) ခြေလက်မျက်စိစသည့်အင်္ဂါကြီးငယ်ကို

စွန့်ခြင်း။

(င) အသက်ကိုစွန့်ခြင်း။

၅။ **လူ့ပြည်၌ ပဋိသန္ဓေယူရန် တောင်းပန်ခြင်း။** အလောင်းတော်သည် ပါရမီများကို ဝေဿန္တရာမင်းဘဝတွင် ပြည့်စုံစွာဖြည့်ကျင့်ပြီးနောက် တုသိတာနတ်ပြည်၌ သေတကေတု မည်သောနတ်သားဖြစ်၍ သက်တမ်းစေ့ နတ်စည်းစိမ်ခံစားပြီးနောက် နတ်ဗြဟ္မာတို့သည် အလောင်းတော်ထံ စုဝေးရောက်လာကြပြီး "အရှင်နတ်မင်း၊ ဘုရားဖြစ်ဖို့အချိန်တန်ပါပြီ၊ လူ့ပြည်၌ ပဋိသန္ဓေယူ၍ ဘုရားဖြစ်တော်မူပါ" တောင်းပန်ကြလေသည်။

၆။ **ကြည့်ခြင်းကြီးငါးပါး။** အခါကာလ၊ ကျွန်း၊ အရပ်၊ အမျိုး၊ မယ်တော်၏အသက်။ (ရှေ့အခန်းများတွင်ပြည့်စုံစွာဖော်ပြထားပါသည်။ ယခုအကျဉ်းမျှသာ ဖော်ပြထားပါသည်။)

၇။ **ပဋိသန္ဓေတည်ခြင်း။** ကပိလဝတ်ပြည်၊ သာကီဝင်မျိုး ဘုရင်သုဒ္ဓေါဒနမင်းကြီး၏မိဖုရား မယ်တော်မာယာဒေဝီ၏ဝမ်း၌ မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ပဋိသန္ဓေတည်တော်မူသည်။

၈။ **ဖွားမြင်တော်မူခြင်း။** မဟာသက္ကရာဇ် ၆၈ ခုနှစ်၊

ကဆုန်လပြည့်၊ သောကြာနေ့တွင် ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့အသွား လုမ္ဗိနီအင်ကြင်းတော (ယခု နီပေါနိုင်ငံ) ၌ မယ်တော်မာယာဝမ်းဗိုက်မှ ဖွားမြင်တော်မူသည်။ ဖွားမြင်ပြီး ၅ ရက်အရတွင် ပုဏ္ဏားများဖြင့် လက္ခဏာကြည့်စေရာ-

(က) ပုဏ္ဏား ၇ ဦးတို့ကလူ့ဘောင်တွင်နေက စကြာဝတေးမင်းဖြစ်မည်။ တောထွက်လျှင် ဘုရားဖြစ်မည် ဟုဟောသည်။

(ခ) ကောဏ္ဍညပုဏ္ဏားကမူ မုချဧကန် ဘုရားဖြစ်ရမည် ဟုဟောလေသည်။

(ဂ) သတ္တဝါတို့၏အလိုဆန္ဒများကို ပြည့်ဝစေတတ်သဖြင့် သိဒ္ဓတ္ထ ဟုအမည်မှည့်ကြလေသည်။

၄။ **ရှင်ဘုရင်အရာ (ထီးနန်း) လွှဲအပ်ခြင်း။** မယ်တော် မာယာဒေဝီသည် ဘုရားအလောင်း ဖွားမြင်ပြီး ၇ ရက် အရတွင်နတ်ရွာစံသဖြင့် မင်းကြီးသည် မိဖုရား၏ညီမတော် မဟာပဇာပတိဂေါတမီကို မိဖုရားအရာတင်မြှောက်၍ သားတော်ကို ပြုစုစေသည်။

သားတော် ၁၆ နှစ်သားအရွယ်ရောက်သော် မင်းကြီးသည် သားတော် တောမထွက်စေရန်အတွက်-

(က) ဆောင်းရာသီတွင်စံမြန်းရန် ဘုံကိုးဆင့် ဖြင့် ရမ္မနန်းဆောင်၊

(ခ) နွေရာသီတွင် စံမြန်းရန် ဘုံငါးဆင့်ဖြင့် သုရမ္မနန်းဆောင်၊

(ဂ) မိုးရာသီတွင်စံမြန်းရန် ဘုံခုနစ်ဆင့်ဖြင့် သုဘနန်းဆောင် တို့တွင် စံမြန်းစေရန်

စီစဉ်ပြီး ရှင်ဘုရင်အရာ (ထီးနန်း) ကိုလွှဲပေးသည်။ ယသော်ဓရာမင်းသမီးနှင့်ထိမ်းမြားပေးသည်။

၁၀။ **နိမိတ်ကြီးလေးပါး မြင်တော်မူခြင်း။** နန်းစံ ၁၃ နှစ်၊ သက်တော် ၂၉ နှစ်အရွယ်တွင် ဥယျာဉ်တော်သို့အသွား နတ်တို့၏ဖန်ဆင်းမှုကြောင့် သူအို၊ သူနာ၊ သူသေ၊ ရဟန်း တို့ကို လေးလစီကွာခြား၍ တွေ့မြင်ထိတ်လန့်သံဝေဂရ၍ ငါလည်းတစ်နေ့တွင် အိုရ၊ နာရ၊ သေရမည်ဟူသောအသိဉာဏ်ပွင့်သွား၍ နန်းစည်းစိမ်တွင် မပျော်ပိုက်တော့ပေ။ ထိုအချိန်တွင် ယသော်ဓရာမှ သားတော် ဖွားမြင်ကြောင်း သံတော်ဦးတင်ကြရာ ငါ အနှောင်အဖွဲ့တစ်ခု တိုးလာပြီ ဟုပင် ထိတ်လန့်၍ ယနေ့ညပင် တောထွက်တော့အံ့ ဟု ဆုံးဖြတ်တော်မူလိုက်သည်။

ရာဟုဂြိုဟ်သည် လကိုဖမ်းသကဲ့သို့ တောမထွက်

နိုင်အောင် ငါ့ကိုဖမ်းမည့်သားတော်ပဲ ဟု ညည်းတွားရေရွတ်လိုက်သဖြင့် **ရာဟုလာ** ဟု အမည်ပေး၏။

၁၁။ **ဘုရားအဖြစ်သို့ရောက်တော်မူခြင်း။** မြက်ထမ်းသမား သောတ္ထိယလှူသောမြက်ရှစ်ဆုပ်ကို ဗောဓိပင်အရင်း ဖြန့်ခင်းလိုက်ရာ အပရာဇိတ ပလ္လင်ဖြစ်ပေါ်လာပြီး သုဇာတာသည်နတ်မင်းကြီးထင်၍ ရွှေခွက်ဖြင့် ဃနာနို့ဆွမ်းကိုကပ်လှူသဖြင့် လေးဆယ့်ကိုးလုပ် ဘုဉ်းပေး၍ ယနေ့ငါဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ဆန်တက်စေသတည်း ဟုအဓိဋ္ဌာန်ပြု၍ မြစ်ရေ၌မျှောလေရာ ရွှေခွက်သည်ရေညာသို့ အတောင်ရှစ်ဆယ်ဆန်တက်ပြီးမှ ရေတွင်မြုပ်သွားပြီးနောက် ပလ္လင်ထက်တွင် ဘုရားမဖြစ်သမျှ တင်ပလ္လင်ခွေ ငါမဖျက်တော့အံ့ ဟုအဓိဋ္ဌာန်ဖြင့် ကမ္မဋ္ဌာန်းစီးဖြန်းရာ ညဉ့်ဦးယံ၌ပင် မိမိဘဝနှင့် သူတပါးတို့၏အတိတ်ဘဝကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရ၏။ သန်းခေါင်ယံ၌ နီးဝေးမဟူထိုးဖောက်သိမြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ် ရတော်မူ၏။ မိုးသောက်ယံ၌ သစ္စာလေးပါးမြင်သိ၍ ကိလေသာအလုံးစုံတို့၏ ကုန်ခြင်းကိုပြုတတ်သော အာသဝက္ခယဉာဏ် ကိုလည်း ရရှိသဖြင့် ဒုက္ကရစရိယအကျင့်ကို ၆ နှစ်မျှ ကျင့်ပြီး သက်တော်

၃၅ နှစ်၊ သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် (ဗုဒ္ဓဟူး နေ့) တွင် ဘုရားအဖြစ် ပွင့်တော်မူပါသည်။ ကျင့်စဉ် ကာလ ပဉ္စဝဂ္ဂီငါးဦးကအလုပ်အကျွေးပြုပြီး ဘုရားလောင်း ဆွမ်းခံစားသဖြင့် ဘုရားဖြစ်ခါနီးဖယ်ခွါသွားကြသည်။ နောက်ဆုံးဝယ် မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ် တော်သုံးမျိုး ရတော်မူသည်။

၁၂။ **ဓမ္မစကြာတရားဦးဟောခြင်း**။ သက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့် (စနေနေ့) တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား မိဂဒါဝုန်တောတွင် ဓမ္မစကြာတရားဦးဟောသည်။

၁၃။ **ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**။ မြတ်စွာဘုရားသည် ၄၅ ဝါ ကာလပတ်လုံး မနေမနားကြွချီလျက် လူနတ် ဗြဟ္မာသတ္တဝါအပေါင်းတို့အား တရားရေအေးတိုက်ကျွေး ပြီးနောက် သက်တော် ၈၀ အရွယ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် (အင်္ဂါနေ့) တွင် ကုသိနာရုံ ပြည် မလ္လာမင်းတို့၏ဥယျာဉ်၌ပရိနိဗ္ဗာန်စံဝင်တော်မူ ပါသည်။ (သတ္တဝါတို့အကျိုးငှာ သာသနာငါးထောင် တည်စေရန် ချန်ထားပေးခဲ့ပါသည်။)

ဤကားဗုဒ္ဓဝင်ဖြစ်စဉ်အကျဉ်းချုပ်သိနိုင်ရန်ဖြစ်ပါသည်။ အကျယ် သိရှိနိုင်ရန် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက

ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးဆောင်ရေးသား တော်မူသော မဟာဗုဒ္ဓဝင်ကို လေ့လာကြစေလိုပါသည်။

( ပြုစုပူဇော်သူ၏မှတ်စုမှ )

## တစ်ယောက်တည်းသောပုဂ္ဂိုလ်

တုဘာက်ကင်းမြောက်၊ တစ်ယောက်တည်းသော ပုဂ္ဂိုလ်သည်သတ္တလောက၌ဖြစ်သည်ရှိသော် များစွာသော လူတို့၏စီးပွားခြင်းငှာလည်းကောင်း၊ များစွာသောလူ တို့၏ချမ်းသာခြင်းငှာလည်းကောင်း၊ လူကိုအစဉ်သနား ကိုလည်းကောင်း၊ နတ်လူတို့၏အကျိုးငှာလည်းကောင်း၊ စီးပွားခြင်းငှာလည်းကောင်း၊ ချမ်းသာခြင်းငှာလည်းကောင်း ဖြစ်၏။

ငါ၏ကိုးကွယ်၊ ငါ့ကိုကယ်၍၊ ငါ့နယ်မခြား၊ လူ နတ်များ၏ကိုးစားရာ အကြင်ဘုရားရှင်ကိုယ်တော်မြတ် သည် သတ္တဝါခပင်း ဆင်းရဲခြင်းကြောင့် ပြင်းပြလှစွာ မဟာကရုဏာတော်နှိုးဆော်တိုက်တွန်းအပ်သည်ဖြစ်၍ လက်လှမ်းမှီလျှောက် အနီးရောက်သည့် မျက်မှောက်ပြုရန် မြတ်နိဗ္ဗာန်ကို အလွယ်တကူ လှမ်းမယူဘဲ ဗိုလ်လူတွက် တာ စွန့်လွှတ်ခွါ၍ သာမန်လူများ မကြံအားအောင် ထူးခြားလွန်ကဲ ကျင့်နိုင်ခဲသည့် ပါရမီကို လေးသချေ်

ကိန်း ကပ်တသိန်းမျှ ထိန်းသိမ်းဆင့်ဆင့် ပြုကျင့်တော်မူလျက်၊ လွန်လွန်ကဲကဲ စိတ်ဖွဲ့သန်သန် နောက်ပြန်မဆုတ် လွှန်အားထုတ်၍သာလျှင် ကိုယ်ဆင်းရဲမှု လျစ်လျူရှု၍ ဗိုလ်လူ့ဗြားမြောင် စီးပွားကိုသာ ဆောင်ပေါ်မူပါပေ၏။

(မနောမယိဒ္ဓိ ဘာဝနာတော်များ စာအုပ်မှ)

## ဖြည့်စွက်ချက်အကျိုးပြလင်္ကာ

၁။ သိမှတ်စရာ၊ အဖြာဖြာ၊ ထုတ်ကာပြဦးမှာ။

၂။ သုတလိုလား၊ ပုဂ္ဂိုလ်များ၊ မှတ်သားကြည့်ရှုပါ။

၃။ စေတနာကောင်း၊ သဒ္ဓါလောင်း၊ ထပ်ဆောင်းစာစုပါ။

၄။ စုမိဆောင်းမိ၊ စာတွေကြည့်၊ ဝေဖြည့်ပေးရတာ။

၅။ ပါရမီချွန်၊ ပုဂ္ဂိုလ်မွန်၊ ရေးသွန်ပေးခဲ့တာ။

၆။ ကံကောင်းလေသူ၊ တို့တွေမူ၊ လွယ်ကူသုံးရတာ။

၇။ တွေ့မြင်သမျှ၊ စာတွေက၊ များလှတန်ဖိုးပါ။

၈။ တန်ဖိုးကြီးစာ၊ မျှဝေတာ၊ သုံးပါဆွေများစွာ။

၉။ ကျင့်ကြံသုံးသူ၊ များဗိုလ်လူ၊ နိဗ္ဗူတိုင်ရောက်မှာ။

## ဖြစ်တော်မူပေါင်းချုပ်

(မုံရွေးဇေတဝန်ဆရာတော်)

မဟာသမ္မတရ၊ ပုညမြဲကော၊ လျှမ်းလျှမ်းဝေသား၊ ကျက်သရေစုပေါင်း၊ ဗောဓိလောင်းလျှင်၊ ဆုတောင်းဝသီ၊ ပါရမီကုသလာ၊ ဆည်းပူးခါ၌၊ ခေါက်ရှာတစ်ထုံး၊ မြေလုံးတင်ကျိုး၊ နည်းမှိုသစ်တောက်၊ ထိုနောက်ဟာကွဲ၊ ဖား ကျွဲ ယုံ စာ၊ ကိန္နရာ ပက်၊ ဝံလိုင်ငှက်တည့်၊ ဆယ့်တစ်ချက်မှာ၊ တစ်ကြိမ်သာရှင့်၊ ကျိုး ခါ ကြွက် ကြွက်၊ စက္ကဝက် ဥသြ၊ ဂဠုန်နှော၍၊ ပေါင်းသောအားဖြင့်၊ ခုနစ်ပါးသည်၊ နှစ်ကြိမ်တည်၏၊ တွက်မည်ဆယ့်လေး၊ ခွေးဥဒေါင်း ဆတ်၊ ဖွတ်နှင့်ကားငါး၊ ဤငါးပါးဝယ်၊ သုံးကြိမ်တွယ်သည်၊ မှတ်ရွယ်ပေါင်းထာ၊ ဆယ့်ငါးရဖို၊ လင်းတ ငုံး မြင်း၊ သွင်းလော့နဂါး၊ ဤလေးပါးစစ်၊ လေးဖြစ်ကောက်ဖီ၊ ဆယ့်ခြောက်မှတ်ဆို၊ ခိုနှင့်နွားမှာ၊ ငါးဖြစ်ဖပြု၊ အပေါင်းရှုသော်၊ ဆယ်ခုမှန်ချင်၊ ဆယ်မူလက္ခား သုဝသမင်၊ ကိုးဖြစ်ပင်တည့်၊ ပေါင်းလျှင်သချာ၊ ဆယ့်ရှစ်လာ၏၊ ဟင်္သာ ခြသေ့၊ ဆယ်စီစေ၏၊ သိမ်မွေ့မှတ်လောက်၊ နှစ်ဆယ်ရောက်ဖွ၊ မျောက်၏ဘဝ၊ ဒွါဒသတည့်၊ ဓမ္မဓ၊ သံကုဏာဓာတ်လာ၊ အနေ့သာသိကာ၊ ဃဘာသမှတ်၊ ဤလေးဓာတ်မှာ၊ ပညတ်မာန၊ ဝိသေသကို၊ မုချ

မတွက်၊ ငှက်ဟူ၍သာ၊ သာမန်လာ၏၊ စိတ်ဖြာဝေငှ၊ ပေါင်းတွက်ချမှ၊ တစ်ရာ့နှစ်ဆယ်၊ ဆွယ်တုံသတ္တ၊ ကုဏ္ဍာလ ဇာတ်၊ မိန့်လတ်တုံရှောင်း၊ ဂဠုန်လောင်း၊ ကျမ်းဟောင်းလက္ခဏာ၊ ရှဥ့်ဘဝနှင့်၊ ဗုဒ္ဓဝံသာ၊ တေဇာ လောင်လွှ၊ ခြင်္သေ့တစ်ပါး၊ နဂါးနှစ်တန်၊ စွက်လိုက် ပြန်သော်၊ ရာလွှန်သုံးဆယ်၊ နှစ်ဖြစ်ဆွယ်သည်၊ မှတ် ဖွယ် ကျမ်းနှင့် ညီဘိသော်။

(မေဃအလင်္ကာပဒေသာ မှ)

ဝိပါက်တော်၊ ဝင့်တော် ၁၂ ပါးလင်္ကာ

| | | |
|---|---|---|
| ၁။ | ဥရဝေလ | – တောရမြိုင်ခွင်၊ |
| | ခြောက်နှစ်ပတ်လုံး | – ကျင့်သုံးအရှင်၊ |
| | အားကုန်ခမ်းလို့ | – ညှိုးနွမ်းငြိုငြင်၊ |
| | ပင်ပန်းရေး | – ဝင့်ကြွေးဘယ်ကြောင့်ထင်။ |
| | ကဿပဘုရား | – ထင်ရှားပွင့်သော်၊ |
| | ဇောတိပါလ | – နာမအကျော်၊ |
| | ပုဏ္ဏားမာန်တက် | – နှုတ်မြွက်အာဘော်၊ |
| | ဝစီပြင်း | – ရှေးရင်းဝိပါက်တော်။ |
| | စိဉ္စမာန | – မိန်းမစေကျွန်၊ |
| | ကိုယ်ဝန်ရှိသော် | – ဆိုပြောအလွန်၊ |

လက်သည်ထားလို့ – ဘုရားကိုညွှန်၊
စွပ်စွဲခဲ့ – တကယ့်ဝိပါက်ဝန်။
သောက်စားလွန်ကျူး– ယစ်မူးပျော်ရွှင်၊
သေသောက်သမား – ဖြစ်ကြားယခင်၊
ရဟန္တာမြတ် – ဆွမ်းရပ်သည်မြင်၊
အကျင့်ယုတ် – ဖွင့်ထုတ်စွပ်စွဲတင်။

၃။ တိတ္ထိစေခိုင်း – မိုက်ရိုင်းဒုဿီ၊
ထင်ယောင်ထင်မှား – ပြုကြားသုန္ဒရီ၊
လူရှင်အပေါင်း – ယုံကြောင်းပွေလီ၊
ရှင်တော်ထွင့် – ဘယ်ဝင့်ရှေးကမှီ။
မုနာလိဟု – မည်ရှိလောင်းတော်၊
မောက်ကြွားမော့က်မှား– သောက်စားအပျော်၊
ရှင်ပစ္စေက – ဗုဒ္ဓမြင်သော်၊
ဒုဿီပဲ – စွပ်စွဲဝင့်ကြွေးပေါ်။

၄။ သုန္ဒရီမိုက် – သတ်လိုက်သေရာ၊
တိတ္ထိတစ်သင်း – သတင်းလွှင့်ကာ၊
တပည့်များနှင့် – ဘုရားကိုသာ၊
လူအများ – ယုံမှားဘယ်တွက်တာ။
လောင်းတော်ရသေ့ – ပျော်မွေ့စံရာ၊
ရသေ့တစ်ဦး – ရှာန်မြူးကွန့်လာ၊

ငြို့ရှုစိတ်စော - မနောဏ္ဏသာ၊
ကျင့်ယုတ်ကြီး - နှုတ်သီးချွန်သည့်တာ။

၅။ ဝေဘာတောင်စောင်း - ကျောက်မောင်းဆင်ကာ၊
ဒေဝဒတ်ယုတ် - ခလုတ်အသာ၊
သူဖြုတ်ချလို့ - ဗုဒ္ဓခြေမှာ၊
ကျောက်လွှာညို - ဒဏ်ထိဘယ်ဝင့်ပါ။
သူကြွယ်မျိုးဇာတ် - ဖြစ်လတ်တုံချေ၊
ညီကိုလှည့်စား - ခေါ်သွားသလေ၊
ကျောက်နှင့်ဖိညှပ် - ထုသတ်ကြိတ်ချေ၊
ကျောက်ဝိပါက် - အဆက်ပါခဲ့ပေ။

၆။ ကျောက်လွှာထိပါး - မြတ်ဖျားထွင့်တင်၊
တည်နေဝတ်ကိန်း - သွေးစိမ်းအရှင်၊
ခြေမတော်ထဲ - ကိုက်ခဲနာကျင်၊
ဝိပါက်ရင်း - အလင်းပြစေချင်။
သူငယ်ဖြစ်ခိုက် - လမ်း၌ပျော်ရွှင်၊
ရှင်ပစ္စေက - ဝေးမှအမြင်၊
ခဲနှင့်ပစ်လိုက် - ထိခိုက်ခြေတွင်၊
သွေးယိုဆင်း - ရှေးရင်း ဝိပါက်ပင်။

၇။ ဆွမ်းခံကြွမြန်း - ထိပ်ပန်းဘုန်းကြွယ်၊

မုန်ကျဆင်ကြီး – ခရီးအလယ်၊
ဒေဝဒတ်မိုက် – လွှတ်လိုက်ပြန်တယ်၊
ရင်ဆိုင်တွေ့ – ဆင်ဇော့ဘယ်ဝင့်နွယ်။
ဆင်ထိန်းဆင်ကျောင်း – အလောင်းဖြစ်တုံ၊
ရှင်ပဓွေက – လမ်းမှအဆုံ၊
ဒေါသထားလို့ – ပြစ်မှားသုန်မှုန်၊
ဆင်နှင့်တိုက် – ဝင့်လိုက်စေဖို့ကြုံ။

၈။ ကျောက်လွှာခတ်လို့ – သွေးခာတ်ဆူပူ၊
ခြေမတော်ဦး – ထိပ်ဖူးတစ်ဆူ၊
သွေးညိုကိန်းလို့ – ကျိန်းစက်တော်မူ၊
ဇီဝက – ခွဲရ ဘယ်ဝင့်ဟူ။
ပဒေသရာဇ် – မင်းဖြစ်စဉ်ဝယ်၊
မူးယစ်သောက်စား – ဖောက်ပြားမဖွယ်၊
လူရှင်လတ်လတ် – ထိုးသတ်ပြန်တယ်၊
ဓားဝိပါက် – အဆက်သူကနွယ်။

၉။ သုံးလူ့ထွင့်ဖူး – မြိုက်မှူးသျှောင်ကော၊
ရုံဖန်ခါလဲ – ခေါင်းခဲပလေ၊
ဝေဒနာဝင့် – မလွှတ်တုံချေ၊
ဘယ်ဝိပါက် – အဆက်ပါခဲ့ပေ။
ရှေးခါကပ်ဟောင်း – မကောင်းကံဆော်၊

တံငါဖောက်မျိုး — ဖြစ်လတ်သနော်၊
ငါးတို့ဦးခေါင်း — ထုထောင်းမြင်သော်၊
ဝမ်းမြောက်မိ — လိုက်ဘိဝိပါက်တော်။

၁၀။ ဝါတော်ကပ်တော့ — မာရ်နတ်နှိုးဆော်၊
ဝေရဉ္ဇာတိုင်း — သမိုင်းအကျော်၊
မှယောဆွမ်းမို့ — ကြမ်းကြမ်းထော်တော်၊
ဘုဉ်းပေးရ — ရှေးကဘယ်ဝဋ်နော်။
မထင်မရှား — မျိုးသားဖြစ်တုံ၊
ရဟန်းတော်များ — ဆွမ်းစားနိုက်ကြုံ၊
ဆွမ်းကြမ်းစားဟု — ပြစ်မှားဆိုပုံ၊
ဝစီတွက် — ဝိပါက်တော်တဲ့ယုံ။

၁၁။ အလှူငွေဆုံးဟု — သုံးလှူ့မျက်မှန်၊
ခါးတော်ကိုက်ခဲ — အသည်းအသန်၊
ပေဒနာများ — ခံစားရဖန်၊
ဘယ်အကြောင်း — ကံဟောင်းတုတ်လို့ပြန်။
လက်ဝှေ့သတ်ကောင်း— အလောင်းဖြစ်သော်၊
ပြိုင်ပွဲဆိုင်ပွဲ — နိုင်မြဲအကျော်၊
နိုင်လျှင်ခါးချိုး — ရိုက်ချိုးမြေပေါ်၊
အသတ်ကောင်း — ဇာတ်ဟောင်းဝိပါက်တော်။

၁၂။ ဆဒ္ဒန်ဆယ်စီး – အားကြီးလျင်မြန်၊
ဝမ်းတော်သွန်ငြား – ရွှေအားမသန်၊
ခွေယိုင်နွဲ့လို့ – မြန်းခဲ့နိဗ္ဗာန်၊
ဖြစ်စေကြောင်း – ကံဟောင်းသိဖို့ရန်။
ရောဂါကုစား – သမားဘဏ်ကျယ်၊
ရှင်သေဌေးသား – ဆေးဝါးကုတယ်၊
ခ မပေးလို့ – ဟိုရေးဘုန်းကြွယ်၊
ဝမ်းလားဆေး – တိုက်ကြွေးဝဋ်ဟောင်းလည်း။

## နိဂုံးနှင့်တိုက်တွန်းချက်

၁။ ဝိပါက်ရောက်ရေး – ကြောက်သွေးတုန်ဖွယ်၊
ဘုရားသော်လဲ – ရှောင်လွဲမလွယ်၊
တွေ့ကြုံမြဲမို့ – တဝဲလည်လည်၊
မလွတ်ဘေး – ဝဋ်ကြွေးခက်လှတယ်။

၂။ ကြင်နာထောက်ထား – သနားမျှော်ခေါ်၊
ကုသိုလ်ပွားမှု – အားပြုကြနော်၊
နိပ်စက်ညှင်းပန်း – သရမ်း ပျက်ချော်၊
ရှောင်ကြဉ်ရေး – ဝဋ်ကြွေးစင်ဖို့နော်။

၃။ ရေးကြ သိကြ၊ ကဗျာလှ၊ ရွှရွှပီတိ ဝွမ်းဆိထိ။

၄။ ကလောင်နာမည်၊ မရေးခြယ်၊ ရှင်ရယ် ညှံ့ဘိ အပြစ်ရှိ။

၅။ ကဗျာလေးသာ၊ မှတ်ထားကာ၊ စိတ်မှစွဲဘိ သိ ကျူးမိ။

၆။ သည်းခံကြပါ၊ ခွင့်လွှတ်ပါ၊ ခါခါမြဲသိ၊ တောင်း ပန်၏။

အရှင်နန္ဒဝံသ (ရေစကြို)
(ရသဖုံဖုံကဗျာစုံမှ)

**ဘုရားရှင်တကာတို့၏ဓမ္မတာသုံးဆယ်**

ဘုရားရှင်တိုင်း၏ ဓမ္မတာသုံးဆယ်ဟူသည်ကား-

၁။ အဆုံးစွန်သောဘုရားအလောင်းတို့အား အဆင် အခြင် သတိပညာနှင့်ပြည့်စုံသည်ဖြစ်၍ မယ်တော် ဝမ်း၌ ပဋိသန္ဓေ နေတော်မူခြင်း။

၂။ မယ်တော်ဝမ်း၌ ထက်ဝယ်ပလ္လင်ဖြင့်နေ၍ ပြင်ပ သို့မျက်နှာပြုသဖြင့် နေတော်မူခြင်း။

၃။ ဘုရားအလောင်းကို မယ်တော်ရပ်လျက် ဖွားတော် မူခြင်း။

၄။ တောအရပ်၌သာ ဖွားတော်မူခြင်း။

၅။ ဖွားတော်မူပြီးသော ဘုရားအလောင်းသည် ရွှေပြား ထက်တွင် နင်းတော်မူခြင်း။

၆။ မြောက်သို့ ရှေးရှု ခုနစ်ဘဝါး လှမ်းတော်မူပြီးလျှင် အရပ်လေးမျက်နှာကိုကြည့်တော်မူ၍ ရဲရင့်သော အသံဖြင့် ကြိမ်းပတော်မူခြင်း။

၇။ လေးပါးသောနိမိတ်တို့ကို မြင်တော်မူ၍ သားတစ်ယောက်ဖွားမြင်မှ တောထွက်တော်မူခြင်း။

၈။ ရဟန္တာတို့၏ တံခွန်ဖြစ်သော သင်္ကန်းကိုယူ၍ ရဟန်းပြုတော်မူပြီးလျှင် အလုံးစုံ အောက် ဟေဋ္ဌိပရိက္ခေဒအားဖြင့် ခုနစ်ရက်သော ကာလပတ်လုံး ပြုနိုင်ခဲသောအကျင့်ကို ကျင့်ရခြင်း။

၉။ ဘုရားအဖြစ်သို့ရောက်သောနေ့၌ ပါယာသဘက်ဆွမ်းကို သုံးဆောင်ရခြင်း။

၁၀။ မြက်ခင်းသောနေရာ၌ သဗ္ဗညုတဉာဏ်ကိုရခြင်း။

၁၁။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူ၍ မာရ်စစ်သည်အပေါင်းကို အောင်တော်မူခြင်း။

၁၂။ ဗောဓိပလ္လင်၌သာလျှင် သုံးပါးသောဝိဇ္ဇာကို အစပြု၍ အသာဓာရဏဉာဏ်စသောကျေးဇူးကိုရခြင်း။

၁၃။ ခုနစ်ရက်ခုနစ်လီ ဗောဓိပင်၏အနီး၌သာ လွန်စေခြင်း။

၁၄။ မဟာဗြဟ္မာသည် တရားဟောခြင်းငှာ တောင်းပန်ခြင်း။
၁၅။ မိဂဒါဝုန်တောဉ် ဓမ္မစကြာတရားဟောတော်မူခြင်း။
၁၆။ တပို့တွဲလပြည့်နေ့၊ အင်္ဂါလေးပါးရှိသောအစည်းအဝေး၌ ဩဝါဒပါတိမောက္ခကိုပြခြင်း။
၁၇။ ဇေတဝန်ကျောင်းတော်၌သာ အမြဲနေတော်မူခြင်း။
၁၈။ သာဝတ္ထိပြည်မြို့တံခါး၌ ရေမီးအစုံတန်ခိုးပြာဋိဟာကိုပြခြင်း။
၁၉။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကိုဟောခြင်း။
၂၀။ သင်္ကဿမြို့တံခါး၌ နတ်ပြည်မှသက်ခြင်း။
၂၁။ ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စားခြင်း။
၂၂။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဝေနေယျတို့ကိုကြည့်တော်မူခြင်း။
၂၃။ ဝတ္ထုဖြစ်သည်ရှိသော် သိက္ခာပုဒ်ကို ပညတ်ခြင်း။
၂၄။ အဋ္ဌုပ္ပတ္တိရှိသည်ဖြစ်သော် ဇာတ်ကိုဟောခြင်း။
၂၅။ ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင်ကိုဟောတော်မူခြင်း။
၂၆။ အာဂန္တုရဟန်းတို့နှင့်အပြေအပြစ်ဟောတော်မူခြင်း။
၂၇။ ဝါကျွတ်သောအခါ ဝါဆိုဖိတ်သော ဒကာကို ပန်

ကြား၍သာ ကြွသွားတော်မူခြင်း။

၂၈။ နေ့တိုင်းနေ့တိုင်း ပုရေဘတ္တ၊ ပစ္ဆာဘတ္တ၊ ပုရိမယာမ်၊ မဇ္ဈိမယာမ်၊ ပစ္ဆိမယာမ်တို့၌ ကိစ္စငါးပါးကိုပြုတော်မူခြင်း။

၂၉။ ပရိနိဗ္ဗာန်ပြုအံ့သောနေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း။

၃၀။ ကုဋေ နှစ်သန်းလေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၍ ပရိနိဗ္ဗာန်စံတော်မူခြင်း။

ဤသည်ကား ဘုရားရှင်တကာတို့၏ ဓမ္မတာ သုံးဆယ်ဖြစ်သည်။ ဤဓမ္မတာသုံးဆယ်တို့နှင့်လည်း မြတ်စွာဘုရားသည် ပြည့်စုံတော်မူ၏။

ဘုရားရှင်တကာတို့၏ ဓမ္မတာသုံးဆယ် ပြီး၏။

(ဗုဒ္ဓဉာဏာဒိပကာသနီကျမ်းမှ)

## ဗုဒ္ဓမြတ်စွာ ဝါဆိုစဉ် ဘုရားရှိခိုးလင်္ကာ

ဩကာသ၊ ဩကာသ၊ ဩကာသ၊ သုံးလောက ထွတ်တင်၊ မြတ်ဗုဒ္ဓ ဘုရားသခင်သည် လူ့နတ်ဗြဟ္မာ သတ္တဝါအထွေထွေ များဝေနေတို့ သံသရာကြမ်း ဝဋ်ဒုက္ခ နယ်စခန်းမှ ကျွတ်တန်းဝင်စေခြင်းအကျိုးငှာ လေးဆယ့်ငါးဝါကာလကြာအောင် တိုင်းအလီလီ ပြည်အထပ်ထပ် မြို့အသွယ်သွယ် ထိုထိုနယ်ဂါမ ရပ်ဒေသ၌ ယာပထမွေ့ လျော် ဝါဆိုတော်မူ၏။

ဗုဒ္ဓမြတ်စွာ စောသတ္ထာ၏ ထိုထို၌ာန ရပ်ဒေသ၌ လေးဆယ့်ငါးဝါကာလကြာအောင် ဝါဆိုတော်မူခဲ့ရာတွင်

၁။ ဝါတော်အစ ပထမကား ဓမ္မစကြာဒေသနာ ခေါ် တရားတော်ကိုဟောဖော်ညွှန်ပြ ဣသိပတန မိဂဒါဝုန် တောရိပ်မြုံတည်း။

၂-၄။ ထိုမှတစ ဒုတိယနှင့် တတိယစတုတ္ထာ၊ စဉ် လာအဆို ရာဇဂြိုဟ်ဟု ခေါ်ဆိုမွှက်ဖော် မြတ် ကျောင်းတော်၌ မဟော်မြတ်ဘုန်း ဝါတော်သုံး၏။

၅။ ပဉ္စဝါမြတ် ဆိုသည့်ရပ်မှာ ပြည်မြတ်ဝေသာလီ လိစ္ဆဝီတို့ စုံညီဖူးဖူ ဆောက်လုပ်ကြသည့် မဟာဝန် ခေါ် ရွှေကျောင်းတော်တည်း။

၆။ တဖော်မြတ်လှ ဝါဆဌကား ချယားတောဌာန မကုလတောင်မှာ ကပ်ဆိုပါ၏။

၇။ တဖြာသတ္တမ ရောက်ပြန်ကမူ ဒေဝပျော်ရာ ဝတီသာစခန်း နတ်တို့နန်းဝယ် ရွှင်လန်းကြည်သာ ကပ်ဆိုပါ၏။

၈။ ရှစ်ဝါအဌ ဆိုဒေသမှာ ဘဂ္ဂရဋ္ဌာ တိုင်းမဟာ ဟု ခေါ်တွင်ပြု၏။

၉။ ထိုပြင်တဝ နဝကိုးဖြာ ဆိုသည့်ဝါမူ မည်သာဝန်းလည် ကောသမ္ဗီ၌ ဃောသိတာရုံ ခေါ်တုံသူငါ ကျောင်းမဟာတည်း။

၁၀။ ဆယ်ကြိမ်မြောက်ထ ဒသမဝါ ဆိုပြန်ပါသော် ရှင်တော်တပါးတည်း မွေ့လျော်မှီးသည့် ပလလည်းသာမော ဆင်မင်းတော၌ ရှင်စောမြတ်စွာ ဝါဆိုပါ၏။

၁၁။ ဝါတော်ဆယ့်တစ် စိစစ်မြွက်သော် တဖော်ထင်ရှား ပုဏ္ဏားဂါမ နာလ အမည် ဝါကပ်မှီ၏။

၁၂။ ဆယ့်နှစ်ဝါတဖန် ရောက်ပြန်ပါက ဝေရဉ္ဇာမည် မြတ်ရွှေပြည်ကို ကပ်မှီရွှင်ပြုံး သီတင်းသုံးကာ။

၁၃။ ဝါတော်ဆယ့်သုံး ထွတ်ဘုန်းဆိုရာ မြတ်ဌာန

ကား တောင်တော်သာလှ စာလိယဥ္ဇ ကပ်ထအပြီး။

၁၄။ ဆယ့်လေးဝါတွင် မြတ်ရှင်ပင်သည် စီစဉ် အလှည့် သာဝတ္ထိတောင်စွန်း ဇေတဝန်ထင်ပေါ် မြတ်ကျောင်းတော်၌ ဝါကပ်ဆိုက်၏။

၁၅။ ဝါတော်ဆယ့်ငါး ဆိုဘြားအမည် ရပ်ရွှေပြည်ကား စုံညီဆင်းလှ ကပိလမြို့မှာ နိဂြောဓဟု မဟာဝိဟာရကျောင်းသာစွတည်း။

၁၆။ ဆယ့်ခြောက်ဝါမို စဉ်အမည်ကား အာဠဝီပြည်မ ဝါကပ်မှု၏။

၁၇။ အထထို့ပြင် ဝါစဉ်ဆယ့်ခုနစ် စီစစ်ထုတ်ဆို ရာဇဂြိုဟ်ဌာန သာလှဗိမာန် နတ်ထံတူလျှော ငါးတောခေါ်ကြ ထိုဒေသ၌ ယာပယမွေ့လျော် စံတော်မူ၏။

၁၈–၁၉။ ဆယ့်ရှစ် ဆယ့်ကိုး ဝါနှစ်မျိုးမှာ စာလိယတောင် ထိပ်ခေါင်အလှ ဝါကပ်မှု၏။

၂၀။ ပယ်ထရန်ကွာ နှစ်ဆယ်ဝါကား မင်းများစိုးစံ ရာဇဂဟ်ဟု နာမကျော်ကြား ထင်ရှားပညတ် ပြည်မြတ်နဂရာ ဝါဆိုပါ၏။

(တဖြာပြည့်ကြွယ် နှစ် နှစ်ဆယ်မှု ဆိုပြန်ကြမူ ပထမဗောဓိ မုနိမြတ်စွာ ဝါဆိုပါလည်း မြဲစွာမရှိ)

၂၁–၄၄။ နောက်ဗောဓိကား သာဝတ္ထိမှာ ပုဗ္ဗာရုံကျောင်း ဇေတဝန်ကျောင်းဟု နှစ်ကျောင်းထို၌ နေခဲ့သည်တွင် မျှညီစစ်ဆေး လေးဆယ့်လေးဝါရ။

၄၅။ နိဗ္ဗာနသို့ ကြွအံ့လုလု ဝါတစ်ခုကား ဝေဠုဝရွာ ကပ်မှီပါ၏။ သချာမှတ်သား ဆယ့်ငါး၌ာန ပဉ္စစတ္တာ ဝါလေးဆယ့်ငါး သက်ကားရှစ်ဆယ် ထိုခါဝယ်၌ ဘုန်းကြွယ်ထွတ်ခေါင် ခေမာသောင်သို့ ဖောင်တော်မင်္ဂင် ကြွရင်ပင်ကို ပါစဉ်မျှော်ကိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

(အရှင်အဂ္ဂသာရ၊ ခမ္မအလင်္ကာမှ)

## မဟာပုရိသ ယောက်ျားမြတ်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး

သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့သည် ကား-

၁။ မြတ်စွာဘုရား၏ ခြေဘဝါးတော်သည် မောက်ခြင်း၊ ခွက်ခြင်းမရှိ၊ ညီညာချောမွေ့ပြေပြစ်၍ ကောင်းစွာ မြေ၌တည်သော ခြေဘဝါးတော်ရှိခြင်း ဟူသော သုပ္ပတိဋ္ဌိတပါဒ လက္ခဏာတော်။

၂။ နှစ်ဖက်သောခြေဘဝါးတော်အပြင်တို့၌ တစ်ထောင်သောအကန့်အကွက် ပုံဘောင်းအချက်နှင့်တကွဖြစ်သော အရုပ်ပုံသဏ္ဌာန် ထင်ရှားပီသသော ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော တရာ့ရှစ်ကွက်သော စက်လက္ခဏာအမှတ်ပါသော စက္ကေနင်္ကိတပါဒ လက္ခဏာတော်။

၃။ ခြေတော်၏ လေးပုံတပုံမျှရှိသော ရှည်သွယ်ဖြူးဖြောင့်သော ဖနောင့်တော်ဟူသော ဒီဃပဏှိ လက္ခဏာတော်။

၄။ ရှုချင်ဖွယ်ကောင်းသော ရှည်သွယ်ပျော့ပျောင်းသော လက်ချောင်းတော်၊ ခြေချောင်းတော် ရှိခြင်း ဟူသော အာယတင်္ဂုလိ လက္ခဏာတော်။

၅။ ရွှေတုရိုက်တိုင် ရွှေတံခွန်တိုင်ကြီးကဲ့သို့ မယိုင်မညွတ်မူ၍ ဖြောင့်မတ်မြင့်မားပြီး ဗြဟ္မာမင်းကြီးကဲ့သို့ တင့်တယ်သပ္ပါယ်တော်မူသော ဗြဟ္မုဇုဂတ္တ လက္ခဏာတော်။

၆။ လက်တော်နှစ်ဖက်၊ ခြေတော်နှစ်စုံ၊ ပုခုံးတော်နှစ်ဖက်၊ လည်ပင်းတော်အားဖြင့် ခုနစ်ပါးသောအင်္ဂါရပ်တို့၌ ဖွံ့ဖွံ့ထွားထွား ပြည့်ဖြိုးသော ဘုန်းတန်းခိုးတည်းဟူသော သတ္တုဿဒ လက္ခဏာတော်။

၇။ ဝါဂွမ်းဆိုင်ပမာ နူးညံ့ပျောင်းအိသော လက်ဖဝါး၊ ခြေဘဝါးတော်ဟူသော မုဒု တလုဏ ဟတ္ထပါဒ လက္ခဏာတော်။

၈။ အဆစ်အဖျား နှစ်ပါးညီလျက် ကွန်ယက်ယှက်သကဲ့သို့ နှစ်သက်စဖွယ် ကောင်းသော လက်ချောင်း၊ ခြေချောင်းတော်ဟူသော ဇာလဟတ္ထ လက္ခဏာတော်။

၉။ မြူမှုန် မလိမ်းမတွယ် စဉ်းငယ်အထက်သို့ မြင့်တက်သော တစ်ဖက်တစ်ချက်၌ ခြေဖမျက်တော်ရှိခြင်းဟူသော ဥဿင်္ခပါဒ လက္ခဏာတော်။

၁၀။ အထက်သို့ထောင်လျက် ကော့တက်သော အမွေးတော်ဟူသော ဥဒ္ဓဂ္ဂလောမ လက္ခဏာတော်။

၁၁။ ဧဏီမည်သော သားကောင်၏သလုံးမြင်းခေါင်းနှင့် တူ၍ စပါးပင်၏အဖုံးကဲ့သို့ဖြောင့်လုံး၍ အထက်အောက် ချောမောပြေပြစ်ကာ ညက်သျှောလှစွာသော နှစ်ဖက်သော ခြေသလုံးတော်ရှိခြင်း ဟူသော ဧဏီဇင်္ဃ လက္ခဏာတော်။

၁၂။ ဝက်ခြံ မှဲ့ ညှင်းစသော အညစ်အကြေးများကင်း၍ သန့်ရှင်းစင်ကြယ် ချောမွေ့လှသဖြင့် အတွေ့ကောင်းသော အရေအသားတော်ရှိသော သုခုမစ္ဆဝိ လက္ခဏာတော်။

၁၃။ သိင်္ဂိနိက်ရွှေ နာရဏီအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော်ဟူသော သုဝဏ္ဏ ဝဏ္ဏ လက္ခဏာတော်။

၁၄။ ဆဒ္ဒန်ဆင်မင်းပမာ အအိမ်ဖြင့်ဖုံးလွှမ်းအပ်သော ယောကျ်ားကိုယ် ယောကျ်ားနိမိတ်ရှိခြင်းဟူသော ကောသောဟိတဝတ္ထဂုယှ လက္ခဏာတော်။

၁၅။ ပညောင်ပင်၏အဝန်းကဲ့သို့ ကိုယ်တော်၏အလံတော်နှင့် ညီဝန်းဝိုင်းသော ကိုယ်တော်ရှိခြင်းဟူသော နိဂြောဓပရိမဏ္ဍလ လက္ခဏာတော်။

၁၆။ ရပ်တော်မူလျက်ပင်ကိုယ်တော်ကို မကိုင်းညွှတ်ဘဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော်နှစ်ဖက်ကို သုံးသပ်ထိကိုင်နိုင်သော ရှည်လျားသော လက်ရုံးတော်

လက်မောင်းတော်ဟူသော ဋ္ဌိတ ဓာဏုပရာမသ လက္ခဏာ တော်။

၁၇။ ခြင်္သေ့မင်း၏ရှေ့ပိုင်းကိုယ်ကဲ့သို့ ရှေ့ပိုင်းကိုယ်တော်၏ ခံ့ညားကြီးထွား၍အရေအသားပြည့်ဖြိုးတော်မူသော သီဟပုဗ္ဗဒ္ဓကာယ လက္ခဏာတော်။

၁၈။ ကျောရိုးလက်ပြင်တို့ မပေါ်ထင်ရှားဘဲ တစ်ပြင်တည်း တစ်သားတည်းကဲ့သို့ ဖွံ့ထွား ပြည့်ဖြိုးတော်မူသော စိတန္တရ လက္ခဏာတော်။

၁၉။ ညောင်ပင်ကို ထောင်ထားသကဲ့သို့ ပြည့်ဖြိုး၍ အရေတော်သုံးဆင့်ပေါ်သော လည်ပင်းတော်ဟူသော သမဝဋ္ဋက္ခန္ဓ လက္ခဏာတော်။

၂၀။ နှမ်းလုံးပမာဏမျှ အနည်းငယ်သော အရသာကို သော်လည်း တစ်ကိုယ်တော်လုံးပျံ့နှံ့အောင် ဆောင်နိုင်သည့် လည်မြိုတွင်အဖျားချင်းအပ်၍တည်ရှိသော ရသဟရဏီ အကြောတော်ဟူသော ရသဂသဂ္ဂီ လက္ခဏာတော်။

၂၁။ မင်း၏အရောင် ပိတုန်းကောင်နှင့် မျက်စဉ်းရောင် တို့ကဲ့သို့ ထိန်ထိန်ပြောင်လင်း ထွန်းလက်နေသော မျက်နက်ဝန်းဟူသော အဘိနီလနေတ္တ လက္ခဏာတော်။

၂၂။ မွေးဖွားကာစဖြစ်သောနွားသားငယ်၏ တင့်တယ်

ကြည်လင်ရှင်ပျသော မျက်မွေးပင်ကဲ့သို့ ရှုချင့်စဖွယ် ကောင်းသော သေးသွယ်ကော့ကွေး၍နေသော မျက်မွေးတော် ဟူသော ဂေါပခုမ လက္ခဏာတော်။

၂၃။ နဖူးတော်ဝယ် နရဏီရွှေ ဉာူးသစ်စ ရွှေများကို သင်းကျစ်ရွှေပြားထပ်စီ၍ထားသကဲ့သို့ ပကတိပင်ကိုယ် အားဖြင့်ပင် သင်းကျစ်တော်အသားပါရှိခြင်း ဟူသော ဉဏှိသသီသ လက္ခဏာတော်။

၂၄။ မွေးညှင်းတော်တွင်းတစ်ခု၌ စင်ကြယ်စွာဖြင့် လကျာ ရစ် လည်ကာ တစ်ပင်စီသာပေါက်ရောက်လျက်ရှိသော အမွေးတော် ဟူသော ဧကေကလောမ လက္ခဏာတော်။

၂၅။ မျက်ခုံးမွေးအကြား မျက်မှောင်အကြားတို့၌ ငွေနန်း ခြည်ကြိုး ပုလဲကြိုးပမာ တည်ရှိလျက် ဆန့်လိုက်လျှင် နှစ်တောင်ခန့်မျှ ရှည်လျားသော ပင်ကိုယ်တည်ရှိပုံမှာ ငွေကြယ်ပွင့်တပ်ထားသကဲ့သို့ စိန်တုံးမှအဖြူရောင်ကဲ့သို့ ဖြူဖွေးစင်ကြယ်သော ဥဏ္ဏာလုံ မွေးရှင်တော် ဟူသော ဥဏ္ဏာလောမ လက္ခဏာတော်။

၂၆။ အထက်အောက် နှစ်ဆယ်စီရှိ၍ လေးဆယ်သော သွားတော်ဟူသော သမ စတ္တာလီသ ဒန္တ လက္ခဏာတော်။

၂၇။ နဖူးပြင်တစ်ခုလုံးကို ဖုံးလွှမ်းနိုင်သော ပြန့်ကျယ်

ရှည်လျား နူးညံ့ပါးလှစ်သော လျှာတော်ဟူသော ပဟူတဇိဝှ လက္ခဏာတော်။

၂၈။ သန့်ရှင်းခြင်း ၊ချိုသာခြင်း၊ သိလွယ်ခြင်း၊ နားဌ္ဌနာယူဖွယ်ကောင်းခြင်း၊ ထိုမှဤမှ မရွေ့တိမ်းကဲ ဖရိဖရဲမရှိခြင်း၊ စည်ဟိန်းသကဲ့သို့နက်နဲခြင်း၊ တစ်ခဲနက်ဖြစ်၍ လုံးခြင်း၊ ပရိသတ်အပြင်မထွက်ဘဲ ပရိသတ်၌ပျံ့တက်ခြင်း (ပဲ့တင်ထပ်ခြင်း) အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော်ဟူသော ဗြဟ္မဿရ လက္ခဏာတော်။

၂၉။ ခြင်္သေ့မင်း၏မေးကဲ့သို့ (ပြုံးတော့မည့်အရိပ်အရောင်ဆောင်နေသည့်) ကြီးမား၍ တိတိဝန်းဝန်း မေးစွန်းခြင်းဟူသော သီဟဟနု လက္ခဏာတော်။

၃၀။ စိန်ကိုစီထားသကဲ့သို့ စီစီရီရီ သေသေသပ်သပ် တိတိကျကျ ညီညွတ်သော သွားတော်ဟူသော သမဒ္ဒန္တ လက္ခဏာတော်။

၃၁။ အကြီးအငယ် ပုလဲလုံးကို သွယ်ထားသကဲ့သို့ တင့်တယ်စေ့စပ်၍ အကြားအလပ်မရှိသဖြင့် မကျဲသော သွားတော်ဟူသော အဝိရဠဒန္တ လက္ခဏာတော်။

၃၂။ သောက်ရှူး (သောကြာ) ကြယ်ကဲ့သို့ ဖွေးဖွေးဖြူလက် နှစ်သက်စဖွယ်ကောင်းသော အရောင်တလက်လက်

ထွက်သည့် သွားစွယ်တော်လေးဆူ ဟူသော သုသဏ္ဍာဒါဠ လက္ခဏာတော်။

ဤလက္ခဏာတော်ကြီး ၃၂ ပါးတို့နှင့် ပြည့်စုံတော်မူ၏။ မြတ်စွာဘုရားသည် ပြည့်စုံတော်မူ၏။

(မဟာပုရိသလက္ခဏာတော် ၃၂ ပါး ပြီး၏)

(ဗုဒ္ဓဉာဏာဒိ ပကာသနီကျမ်းမှ)

## ကာယဂတာသတိကမ္မဋ္ဌာန်း(ခေါ်)
## ဒွတ္တိံသကာယကမ္မဋ္ဌာန်း(ခေါ်)
## ၃၂ ကောဋ္ဌာသကမ္မဋ္ဌာန်း

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿုဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

### အနက်အဓိပ္ပါယ်

၁။ ကေသာ - ဆံပင်

၂။ လောမာ - အမွေး

၃။ နခါ – ခြေသည်းလက်သည်း

၄။ ဒန္တာ – သွား

၅။ တစော – အရေ

၆။ မံသံ – အသား

၇။ နှာရု – အကြော

၈။ အဋ္ဌိ – အရိုး

၉။ အဋ္ဌိမိဉ္ဇံ – ရိုးတွင်းခြင်ဆီ

၁၀။ ဝက္ကံ – အညှို့

၁၁။ ဟဒယံ – နှလုံး

၁၂။ ယကနံ – အသည်း (အသဲ)

၁၃။ ကိလောမကံ – အမြှေး

၁၄။ ပိဟကံ – အဖျဉ်း

၁၅။ ပပ္ဖါသံ – အဆုတ်

၁၆။ အန္တံ – အူမ

၁၇။ အန္တဂုဏံ – အူသိမ်

၁၈။ ဥဒရိယံ – အစာသစ်

၁၉။ ကရီသံ – အစာဟောင်း

၂၀။ မတ္ထလုင်္ဂံ – ဦးနှောက်

၂၁။ ပိတ္တံ – သည်းခြေ

၂၂။ သေမှံ – သလိပ်

| | | |
|---|---|---|
| ၂၃။ ပုဗ္ဗော | – | ပြည် |
| ၂၄။ လောဟိတံ | – | သွေး |
| ၂၅။ သေဒေါ | – | ချွေး |
| ၂၆။ မေဒေါ | – | အဆီခဲ |
| ၂၇။ အဿု | – | မျက်ရည် |
| ၂၈။ ဝသာ | – | ဆီကြည် |
| ၂၉။ ခေဠော | – | တံတွေး |
| ၃၀။ သိင်္ဃာဏိကာ | – | နှပ် |
| ၃၁။ လသိကာ | – | အစေး |
| ၃၂။ မုတ္တံ | – | ကျင်ငယ် |

(သိမှတ်ဖွယ်ရာ အဖြာဖြာ)

## ၃၂ ကောဋ္ဌာသ လင်္ကာ

၁။ သုံးဆယ်နှစ်ဝ၊ ကောဋ္ဌာသ၊ အလှဘယ်မှာ မရှာ။

၂။ တဏှာပိတ်ဖုံး၊ တစ်ကိုယ်လုံး၊ အသုံးမကျ ဤကာယ။

၃။ အူမအူသိမ်၊ နှလုံးအိမ်၊ တွင်းလိမ်ကာရှုပ် အတွင်းပုပ်။

၄။ အဆုပ်အသည်း၊ အဆီခဲ၊ သွေးခဲသည်းချေ သလိပ်တွေ။

၅။ တံတွေးဦးနှောက်၊ မျက်ရေပေါက်၊ ချွေးနှောက်ဆီကြည် တံတွေးရည်။

၆။ နှပ်ရည်ရွှဲရွှဲ၊ အစေးတွဲ၊ မြေခဲသဏ္ဍာန် အညို့တံ။

၇။ တဖန်တွက်ဆ၊ အဖျဉ်းမှ၊ အောက်ကကျင်ကြီးကျင်ငယ်စီး။

၈။ ဖိစီးတဖန်၊ ပြင်ပရုံ၊ ကိုးတန်ဒွါရ အမာဝ။

၉။ နေ့ညမစဲ၊ တရွှဲရွှဲ၊ ဖောက်လဲဓာတ်ရုပ် အကောင်ပုပ်။

၁၀။ စက်ဆုပ်ရွံရှာ၊ မုန်းစရာ၊ ဘယ်မှာအလှ ရှာကာပြ။

## ငြိမ်းချမ်းစွာနေလိုလျှင် မတရားကော့မလုပ်ပါနှင့်

ယနေ့ကမ္ဘာသူကမ္ဘာသား ငြိမ်းချမ်းရေးရရန် နည်းအမျိုးမျိုး ကြိုးစားနေကြသည်။ ငြိမ်းချမ်းပါ၏လော။ လူလူချင်း၊ အိမ်တအိမ်၊ အရပ်တရပ်၊ ရွာတရွာ၊ မြို့တမြို့၊ နိုင်ငံတနိုင်ငံ၊ လူမျိုးတမျိုးသည် ယနေ့ကမ္ဘာပေါ်တွင် ငြိမ်းချမ်း သာယာစွာ နေကြရပါ၏လော။ ငြိမ်းချမ်းသာယာမှုကိုလိုသူ တယောက်ကစ၍ ကမ္ဘာသားအများသည် အောက်ပါ အသိဉာဏ်နှင့် ကျင့်သုံးမှုကို စကာင် မဆောင်ရွက် မလုပ်နိုင်သေးသမျှ ငြိမ်းချမ်းရေးသာယာရေးကို ရမည်မဟုတ်ပါ–

(က) အမြင်မှန် သို့မဟုတ် အမှန်ကိုသိခြင်း။

(ခ) အမှန်ကိုသိမြင်သည့်အတိုင်း မိမိကိုယ်တိုင်ကစ၍ ကျင့်သုံးလိုက်နာခြင်း။

(ဂ) မိမိနှင့်အနီးဆုံးလူများအား ကျင့်သုံးလိုက်နာစေခြင်း။

(ဃ) မိမိ၏နိုင်ငံသားများအား လိုက်နာကျင့်သုံးစေခြင်း။

(င) ကမ္ဘာတဝှမ်းလုံးရှိလူသားများအားလိုက်နာကျင့်သုံးအောင် ကြိုးစားဆောင်ရွက်ခြင်း

ပင် ဖြစ်ပါသည်။

မိမိသည် အမြဲကိုယ်စိတ်နှစ်ပါးချမ်းသာ၍ နေလို၏။ မိမိ ထိုကဲ့သို့အလိုရှိသလို အခြားသောလူသားများနှင့် သတ္တဝါအများလည်း လိုလားလျက်ရှိသည်ကို တကယ်သိမြင်ရန်ဖြစ်၍ မိမိအားသူတပါးက မတရားနိုင်ထက်စီးနင်း ပြုမူခြင်းကို မနှစ်သက်နိုင်သလို စိတ်ဖြင့်မလုပ်သင့်ဟု သိမြင်ရန် ဖြစ်ပါသည်။

ထိုသို့ သိသည့်အလျောက် မိမိရော သူတပါးပါ ချမ်းသာစေရန် သူတပါးကို့အပေါ်၌ မတရားကြံစည်ခြင်း၊ ပြောဆိုခြင်း၊ လုပ်ကိုင်ခြင်းများ မပြုလုပ်မိအောင် မိမိကစတင် ကြိုးစားထိန်းသိမ်းဖို့ လိုပါသည်။ တတ်နိုင်လျှင် သတ္တဝါများအား တရားသဖြင့် ကူညီစောင့်ရှောက်ပေးသင့်ပါသည်။

ဤကဲ့သို့ မိမိကျင့်သုံးမှုကို ပြန့်ပွားအောင် မိမိအတုကိုလိုက်နာကျင့်သုံးနိုင်မည့် အနီးဆုံးပုဂ္ဂိုလ်များကို လိုက်နာ ကျင့်သုံးစေအပ်ပါသည်။

နောက်တဆင့် မိမိ၏နိုင်ငံသူနိုင်ငံသားများအား လိုက်နာကျင့်သုံးအောင် ကြိုးစားအားထုတ်သင့်ပါသည်။

ထို့ထက် မိမိသည်စွမ်းဆောင်နိုင်သောကံပါခဲ့သူ

ဖြစ်ပါမူ ကမ္ဘာသူကမ္ဘာသားများအား လိုက်နာကျင့်သုံးအောင် ကြိုးစားသင့်ပါသည်။

ဤတရားသည် အထူးသဖြင့် တိုင်းပြည်၏အသွင်အထိပ်ဖြစ်သူများ လိုက်နာကျင့်သုံးခြင်းကြောင့် ငြိမ်းချမ်းရေးကို ရနိုင်သောတရားဖြစ်ပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်အား သတ္တဝါများ ချမ်းသာလိုပါလျက် ဆင်းရဲခြင်းနှင့်သာတွေ့ဆုံနေရသဖြင့် ဘာကြောင့်ဤသို့ဖြစ်ရသည်ကို သိကြားမင်းလျှောက်ထားသဖြင့် ဖြေဆိုရာတွင် မနာလိုဝန်တိုခြင်း၊ ဣဿာမစ္ဆရိယတရားကြောင့် လောကကြီး မငြိမ်မသက်ဖြစ်၍ ဆင်းရဲခြင်းနှင့်တွေ့နေရကြောင်း တိုက်ရိုက်ဖြေဆိုထားပါသည်။

ထို့ကြောင့် ဘယ်သူဘာဘဲ ဖြစ်နေဖြစ်နေ၊ သူကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိကိုယ်တိုင်တကယ်ငြိမ်းချမ်းစွာနေလိုပါလျှင် မိမိကိုယ်တိုင်က တရားသဖြင့် မလုပ်နိုင်စေကာမူ မတရားသဖြင့် မကြံစည်၊ မပြောဆို၊ မလုပ်မိအောင် ကြိုးစားကြစေလိုပါသည်။

ဤကဲ့သို့ ကြိုးစားခွင့်ရအောင်လည်း မနောမယိဒ္ဓိပညာကို လူတိုင်းလေးလေးစားစား ဝေဖန်သိရှိနိုင်အောင်

ကြိုးစားကြစေလိုပါသည်။

မိမိ ချမ်းသာလိုလျှင် သူတပါးဆင်းရဲအောင် မိမိ ဘယ်တော့မှ မလုပ်ပါနှင့်။

သူတပါး ဆင်းရဲအောင်လုပ်သူသည် မိမိဘယ်တော့မှ ချမ်းသာမှု မရနိုင်။

တရားသဖြင့် မလုပ်နိုင်သေးလျှင်နေပါ။ မတရား တော့ မလုပ်ပါနှင့်။

သူတပါးကို အနိုင်ယူရန် ကြံစည်နေသူသည် ဘယ်အခါမှ မိမိကိုယ်တိုင် အေးချမ်းစွာမနေရ။

(မနောမယိဒ္ဓိ ဘာဝနာတရားတော်များ မှ)

# ကျက်မှတ်ရန်လင်္ကာ

လက္ခဏာတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပ္ပါယ်လှစွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွှမ်းထုံသင်းကြူ၊ သယမ္ဘူဟု၊ ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ ကိလေရင်းသား၊ ဉာဏ်ရင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာသမ္ဗောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏၊ ကိန်းဝပ်စံပျော်၊ ခန္ဓာပေါ်ဝယ်၊ ဘွဲ့တော်ဗုဒ္ဓ၊ တင်ရပါသည် --- လောကထွတ်ထား မြတ်ဘုရား။

## သာသနာပြုလိုသော်

- ဗုဒ္ဓါနုဿတိ၊ ဘာဝနာရှိမှ၊ မိမိဘာသာ၊ သာသနာကို၊ ကောင်းစွာသိမြင်၊ စောင့်ရှောက်ချင်၏။
- စောင့်ချင်လာသော်၊ ကြောင်းကျိုးမျှော်က၊ ခုပေါ်ကာလ၊ ပကာသနနှင့်၊ ဒါနစုစု၊ ကုန်ကျမှုကို၊ အပြဲဘက်မှာ၊ မရောက်လာဘဲ၊ ဖျက်ရာသို့ပင်၊ အများဝင်၏။

- သို့စင်သာသနာ၊ ပြုလိုပါမူ၊ ပကာသန၊ မပါကြဘဲ၊
ဒါနစုစု၊ ကောင်းအောင်ပြုလော့၊ တခုဒါန၊
ပါရုံမျှဖြင့်၊ သံသရာကြီး၊ လမ်းခရီးကား၊
ဘယ်နည်းနှင့်မျှ၊ မဖြောင့်ကြဘူး။

- သီလအကျင့်၊ လုံအောင်ကျင့်လျက်၊ အသင့်မေတ္တာ၊
ကရုဏာနှင့်၊ သစ္စာခန္တီ၊ စိတ်လည်းရှည်၍၊
ကိုယ်စီစိတ်မူ၊ ဖြောင့်အောင်ပြုမှ၊ ယခုလည်းကောင်း၊
နောင်လည်းကောင်းလိမ့်။

- အကောင်းဖုံဖုံ၊ အကုန်စုံလျှင်၊ ပြည်ဘုံအမတ၊
နိဗ္ဗာနကို၊ ရဖို့အကြောင်း၊ ဆုမတောင်းလည်း၊
ခေမာမြို့ကား၊ ငါတို့တွက်ကာ၊ အနီးမှာတည်း။

- မှန်စွာလမ်းစဉ်၊ ဤသို့မြင်၍၊ လူရှင်များစု၊
သာသနာပြုဖို့၊ ယခုနောက်နှောင်း၊
အချိန်ကောင်းသဖြင့်၊ စုပေါင်းသေချာ၊
စီရင်ပါသည်၊
ဗုဒ္ဓါနုဿတိ - နုဿတိ။

(အရှင်ဇနကာဘိဝံသ၊ မဟာဂန္ဓာရုံ)

# ကျေးဇူးတင်လွှာ

ကုန်ကျစရိတ် (စာအုပ်တန်ဖိုး) သက်သာစေရေး အတွက် စာမူကြမ်းများကို စေတနာမေတ္တာဖြင့် ပထမ အဆင့် ကွန်ပျူတာစာစီ လုပ်အားပေးရိုက်နှိပ်ပေးကြ သော လုပ်ဖော်ကိုင်ဖက် တပည့် သားမြေးများအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ဖော်ထုတ်စုစည်း ပူဇော်သူ

# ဗုဒ္ဓဝါဒီ စွဲ၍တည်မည်

အိုးမဖုတ်ခင်
အိုးလုပ်စဉ်ဝယ်
အိုးတွင်နှိပ်ခတ်
တံဆိပ်မှတ်ကား
မပြတ်မစဲ
အိုးပင်ကွဲလည်း
အမြဲတစေ
တည်ရှိနေသို့
ထွေထွေသွေးသား
ကလေးများ၌
ဘုရားတံဆိပ်
ဘာသာစိတ်ကို
ခတ်နှိပ်နိုင်မှ
သက်ဆုံးကျအောင်
ဗုဒ္ဓဝါဒီ
စွဲ၍တည်မည်
ကိုယ်စီခတ်နှိပ်စေသတည်း။

(အရှင်ဇနကာဘိဝံသ၊ မဟာဂန္ဓာရုံ)